# မြန်မာ့အလင်း

၁၉၁၄ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၇၂ ခုနှစ်၊ တပို့တွဲလဆန်း ၄ရက်၊ ၂၀၁၁ ခုနှစ်၊ ဖေဖော်ဝါရီ ၇ ရက်၊ တနင်္လာနေ့၊ အတွဲ (၅၀)၊ အမှတ် (၁၃၀)

**နိုင်ငံရေး ဦးတည်ချက်(၄)ရပ်**

* နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသားပြန်လည် စည်းလုံးညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

**စီးပွားရေး ဦးတည်ချက်(၄)ရပ်**

* စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* နိုင်ငံတော်စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှု စွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

**လူမှုရေး ဦးတည်ချက်(၄)ရပ်**

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး
* အမျိုးဂုဏ် ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

## တိုင်းရင်းသားအားလုံး၏ တာဝန်

ပြည်ထောင်စုမြန်မာနိုင်ငံတော်ကြီးကို အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုး တိုးတက်သော နိုင်ငံတော်ကြီးအဖြစ် တည်ဆောက်လျက်ရှိရာ နိုင်ငံတော်ကို စစ်မှန်သော မျိုးချစ်စိတ်ဓာတ်ဖြင့် ဝိုင်းဝန်းတည်ဆောက်သည့်နည်းတူ နယ်ချဲ့သမားတို့က တပည့်မွေးကာ လက်ကိုင်တုတ်များဖြင့် ပြည်ထောင်စုကြီး ပြိုကွဲစေရန် ဖန်တီးလာမည့်အရေးကို သတိထား ရှောင်ကြဉ်ကြရမည်မှာ တိုင်းရင်းသားအားလုံး၏ တာဝန်ပင်ဖြစ်ပေသည်။

**နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ**
(၆၃)နှစ်မြောက် ပြည်ထောင်စုနေ့ သဝဏ်လွှာမှ -

# ဇေယျာသီရိ အဆင့်မြင့်အားကစားရုံတည်ဆောက်ရေးစီမံကိန်း ပန္နက်တော်တင် မင်္ဂလာအခမ်းအနား

# ကာကွယ်ရေးဝန်ကြီးဌာနမှ စစ်ထောက်ချုပ် ဗိုလ်ချုပ်ဝေလွင် တက်ရောက်

နေပြည်တော် ဖေဖော်ဝါရီ ၆

မက်(စ်)မြန်မာကုမ္ပဏီအုပ်စုက တာဝန်ယူတည်ဆောက်မည့် ဇေယျာသီရိ အဆင့်မြင့်အားကစားရုံတည်ဆောက်ရေးစီမံကိန်း ပန္နက်တော်တင် မင်္ဂလာအခမ်းအနားကို ယနေ့ နံနက် ၇ နာရီ မိနစ် ၂၀ တွင် နေပြည်တော်ခရိုင် ဇေယျာသီရိမြို့နယ်ရှိ အဆိုပါ အားကစားရုံတည်ဆောက်မည့် မြေနေရာ၌ကျင်းပရာ ကာကွယ်ရေးဝန်ကြီးဌာနမှ စစ်ထောက်ချုပ် ဗိုလ်ချုပ်ဝေလွင် တက်ရောက်၍ မင်းတိုင်နေရာ၌ ရတနာပန္နက်တော်တင်ပေးသည်။

အဆိုပါ ပန္နက်တော်တင် မင်္ဂလာအခမ်းအနားသို့ နေပြည်တော်တိုင်း စစ်ဌာနချုပ်တိုင်းမှူး ဗိုလ်မှူးချုပ်မောင်မောင်အေး၊ တပ်မတော်အရာရှိကြီးများ၊ မက်(စ်)မြန်မာကုမ္ပဏီအုပ်စုဥက္ကဋ္ဌ ဦးဇော်ဇော်၊ ကုမ္ပဏီမှ တာဝန်ရှိသူများ၊ ဝန်ထမ်းများနှင့် ဖိတ်ကြားထားသည့် ဧည့်သည်တော်များ တက်ရောက်ကြသည်။

*စာမျက်နှာ ၃ ကော်လံ ၃* ■

မက်(စ်)မြန်မာကုမ္ပဏီအုပ်စုက တာဝန်ယူတည်ဆောက်မည့် ဇေယျာသီရိ အဆင့်မြင့်အားကစားရုံပုံစံကို တွေ့ရစဉ်။ (သတင်းစဉ်)

မြန်မာ့အလင်း

## အယ်ဒီတာ့ အာဘော်

(၂၀၁၁ ခုနှစ် ဖေဖော်ဝါရီ ၇ ရက်)

# ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း ပြည်သူများ အလေးထားလိုက်နာ

နိုင်ငံတော်ကြီး ခေတ်မီတိုးတက်လာသည့်အလျောက် ယာဉ်သုံးစွဲမှုများသည် တစ်နေ့တခြား တိုးတက်များပြားလာလျက်ရှိသည်။ နိုင်ငံတော်မှ လမ်းပန်းဆက်သွယ်ရေး လွယ်ကူချောမွေ့စေရေးအတွက် အဝေးပြေးလမ်းမကြီးများ၊ ခရိုင်ချင်းဆက်၊ မြို့ချင်းဆက်၊ ကျေးရွာချင်းဆက်သွယ်သည့် လမ်းများကို တိုးမြှင့်ဖောက်လုပ်ပေးလျက်ရှိသည်။

ယာဉ်သုံးစွဲမှု များပြားလာသည့်အလျောက် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းများကိုလည်း ခရီးသွားများနှင့် ယာဉ်မောင်းသူများအားလုံးက အလေးထားလိုက်နာကြရမည် ဖြစ်သည်။ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းများကို လိုက်နာဆောင်ရွက်ခြင်းဖြင့် ယာဉ်အန္တရာယ်မှ ကင်းဝေးမည်ဖြစ်သည်။

သတ်မှတ်ထားသည့် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းများကို လိုက်နာခြင်းမရှိသဖြင့် ယာဉ်တိုက်မှုများ မကြာခဏ ဖြစ်ပေါ်ခဲ့ရပြီး အသက်အန္တရာယ်များဆုံးရှုံးခဲ့ရသည်။ ယာဉ်တိုက်မှုကို လေ့လာကြည့်လျှင် မဆင်မခြင်မောင်းနှင်ခြင်း၊ အရက်သေစာသောက်စားပြီးမောင်းနှင်ခြင်း၊ ကားကိုအပြိုင်မောင်းနှင်ခြင်း၊ လမ်းကူးသူများ လမ်းစည်းကမ်းမလိုက်နာခြင်းတို့ကြောင့် ယာဉ်တိုက်မှုများ ဖြစ်ပေါ်ခဲ့ရသည်။

ယာဉ်မောင်းသူများသည် ယာဉ်ကြောမှားယွင်းစွာမောင်းနှင်ခြင်း၊ ယာဉ်ကြောပိတ်၍ရပ်တန့်ထားခြင်းတို့ကို ရှောင်ကြဉ်ကြရမည်ဖြစ်သည်။ ယာဉ်မောင်းသူများသည် မိမိမောင်းနှင်သော မော်တော်ယာဉ်များ စက်ချွတ်ယွင်းမှုမရှိရန်နှင့် မောင်းနှင်နိုင်သည့် စံချိန်စံညွှန်းများနှင့် ညီမညီစစ်ဆေးကြရမည် ဖြစ်သည်။

ယခုအခါ ယာဉ်အန္တရာယ်ကင်းဝေးစေရေးအတွက် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းများကို တိကျစွာ လိုက်နာဆောင်ရွက်ရန် သက်ဆိုင်ရာတာဝန်ရှိသူများက ပညာပေးဟောပြောပွဲများ၊ ပြပွဲ၊ ပြိုင်ပွဲများ ကျင်းပပြုလုပ်၍ ပညာပေးလျက်ရှိသည်။

ပြည်သူများအားလုံးသည် စားဝတ်နေရေးအတွက် နေ့စဉ်သွားလာလှုပ်ရှားနေရလျက်ရှိရာ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းများကို အလေးထားလိုက်နာဆောင်ရွက်သွားကြပါက ယာဉ်အန္တရာယ်မှ ကင်းဝေးကြမည်ဖြစ်ပါကြောင်း ရေးသားလိုက်ရပါသည်။ ။

## ပြည်သူ့သဘောထား

* ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
* ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

## ထားဝယ်ခရိုင်၌ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ

## တိုင်းမှူး ဗိုလ်မှူးချုပ်ခင်မောင်ဌေး ကြည့်ရှုစစ်ဆေး

**နေပြည်တော် ဖေဖော်ဝါရီ ၆**

တနင်္သာရီတိုင်းဒေသကြီး အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ကမ်းရိုးတန်းဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ခင်မောင်ဌေးသည် ဇန်နဝါရီ ၂၈ ရက်က ထားဝယ်ခရိုင် သရက်ချောင်းတပ်နယ်၌တပ်နယ် မူလတန်းကျောင်း ဆောက်လုပ်နေမှုအခြေအနေကို ကြည့်ရှုစစ်ဆေးသည်။

**ကြည့်ရှုစစ်ဆေး**

တိုင်းမှူးသည် ဇန်နဝါရီ ၂၉ ရက် နံနက်ပိုင်းက ထားဝယ်မြို့ မြောင်းပုလဲတိုးချဲ့ရပ်ကွက် စစ်မှုထမ်းဟောင်း အိမ်ရာတည်ဆောက်ရေးလုပ်ငန်းခွင်၌ အိမ်ရာတည်ဆောက်ခြင်းလုပ်ငန်းဆောင်ရွက်ထားရှိမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။

တိုင်းမှူးသည် ဇန်နဝါရီ ၃၀ ရက် နံနက်ပိုင်းက ထားဝယ်တပ်နယ်မှ အရာရှိ၊ စစ်သည်၊ မိသားစုဝင်များနှင့် တွေ့ဆုံ၍ အားကစားပစ္စည်းများပေးအပ်ကာ စစ်သည်မိသားစုများအား ရင်းရင်းနှီးနှီးနှုတ်ဆက်ခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

(၆၄)နှစ်မြောက်ပြည်ထောင်စုနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် တောင်ကြီးမြို့နယ် စည်ပင်သာယာရေးအဖွဲ့က ဆောင်ရွက်ခဲ့သော နှောင်ယွေး-တွန်းမုန့် ကျေးလက်ကျောက်ချောလမ်းဖွင့်ပွဲကို ဖေဖော်ဝါရီ ၃ရက်က အဆိုပါ ကျေးရွာလမ်းထိပ်မုခ်ဦး၌ ကျင်းပရာ ရှမ်းပြည်နယ်(တောင်ပိုင်း) စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးအောင်မြင့်ဆွေနှင့် တောင်ကြီးခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးမြင့်လွင်တို့ ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြစဉ်။ (မြို့နယ်စည်ပင်)

## လယ်ယာသန်းခေါင်စာရင်း ကောက်ယူခြင်း လုပ်ငန်းသင်တန်း ကျုံပျော်၌ဖွင့်

**ကျုံပျော် ဖေဖော်ဝါရီ ၆**

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ကြေးတိုင်နှင့် မြေစာရင်းဦးစီးဌာန ကျုံပျော်မြို့နယ်၏ ၂၀၁၁ခုနှစ် မြန်မာနိုင်ငံ လယ်ယာသန်းခေါင်စာရင်း ကောက်ယူခြင်းလုပ်ငန်းသင်တန်းဖွင့်ပွဲကို ဖေဖော်ဝါရီ ၁ ရက် နံနက် ၉ နာရီက ကျုံပျော်မြို့နယ် မြေစာရင်းဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။ **(အပေါ်ပုံ)**

**ရှင်းလင်းတင်ပြ**

သင်တန်းဖွင့်ပွဲတွင် ကျုံပျော်မြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးရဲဝင်းက အမှာစကား ပြောကြားပြီးနောက် ၂၀၁၁ခုနှစ် ကျုံပျော်မြို့နယ်လယ်ယာသန်းခေါင်စာရင်း ကောက်ယူမည့် လုပ်ငန်းအစီအစဉ်များကို မြို့နယ်မြေစာရင်းဦးစီးဌာန ဦးစီးအရာရှိ ဦးမျိုးမင်းမြတ်က ရှင်းလင်းတင်ပြသည်။

၂၀၁၁ခုနှစ် မြန်မာနိုင်ငံ လယ်ယာသန်းခေါင်စာရင်းကောက်ယူခြင်းလုပ်ငန်းသင်တန်းကို ရက်သတ္တပတ်ကြာ သင်ကြားပို့ချပြီး သင်တန်းတွင် ပုသိမ်ခရိုင် မြေစာရင်းဦးစီးဌာနမှူး လက်ထောက်ညွှန်ကြားရေးမှူး ဦးသိန်းကျော်က လာရောက်ကြီးကြပ်ပို့ချခဲ့ကြောင်း သိရှိရသည်။ **(မြို့နယ် ပြန်/ဆက်)**

## အလွတ်တန်းဘောလုံးပြိုင်ပွဲ နမ့်စန်၌ ကျင်းပ

**နမ့်စန် ဖေဖော်ဝါရီ ၆**

လွိုင်လင်ခရိုင် နမ့်စန်မြို့နယ် အားကစားနှင့်ကာယပညာကော်မတီဥက္ကဋ္ဌဖလား အလွတ်တန်းဘောလုံးပြိုင်ပွဲဖွင့်ပွဲကို ဇန်နဝါရီ ၁၅ ရက် မွန်းလွဲ ၂ နာရီက မြို့နယ်အားကစားကွင်း၌ ကျင်းပရာ အခမ်းအနားတွင် မြို့နယ်အားကစားနှင့် ကာယပညာကော်မတီဥက္ကဋ္ဌ ဦးတင်မြင့်က အမှာစကားပြောကြားသည်။

**ချီးမြှင့်**

အဆိုပါပြိုင်ပွဲတွင် ပြိုင်ပွဲဝင်အသင်း ၁၄ သင်း ပါဝင်ယှဉ်ပြိုင်ကြပြီး ဖွင့်ပွဲ၌ အမှတ်(၁)ရပ်ကွက်(က)အသင်းနှင့် အမှတ်(၃+၅)ရပ်ကွက်အသင်းတို့ ယှဉ်ပြိုင်ကြသည်။ ပြိုင်ပွဲတွင် ပထမဆု ငွေကျပ် ၁၅ သိန်း၊ ဒုတိယဆု ငွေကျပ် ရှစ်သိန်း ချီးမြှင့်မည်ဖြစ်ကြောင်း သိရှိရသည်။ **(၁၈၉)**

## အထက(၁)ဒဂုံ ကျောင်းသားဟောင်းများ အာစရိယပူဇော်ပွဲကျင်းပမည်

**ရန်ကုန် ဖေဖော်ဝါရီ ၆**

အထက(၁)ဒဂုံ (၁၉၇၅-၂၀၁၀)ခုနှစ်အထိ ကျောင်းသား ကျောင်းသူဟောင်းများ၏ (၁၄)ကြိမ်မြောက် အာစရိယပူဇော်ပွဲကို မတ်လ ၂၀ ရက် (တနင်္ဂနွေနေ့) နံနက် ၉ နာရီတွင် ကျင်းပမည်ဖြစ်ရာ မပျက်မကွက် တက်ရောက်ကြရန်နှင့် အလှူငွေများကို သီရိမာ(၇၈)ဖုန်း-၀၉-၅၀၂၁၂၄၁၊ ဇော်မင်းဦး(၈၆)ဖုန်း-၀၉-၅၀၀၂၅၇၁၊ ဝင်းစန္ဒာကြီး(၈၆) ဖုန်း-၀၉-၅၁၈၉၂၀၀၊ ကျော်စွာဝင်း(၉၀) ဖုန်း-၀၉-၅၁၁၂၃၃၊ အောင်ကိုကို(၉၀) ဖုန်း-၀၉-၅၄၀၄၅၄၅၊ အောင်သူထွန်း (၉၀) ဖုန်း-၀၉-၈၆၁၄၈၀၀၊ လှမျိုးထွန်း (၉၀) ဖုန်း-၀၉-၅၀၆၂၈၅၀၊ ချိုလေးလွင်(၉၁) ဖုန်း-၀၉-၄၉၂၁၂၅၅၀၊ အေးအေးမျိုး(၉၇) ဖုန်း-၀၉-၅၀၃၄၈၇၆၊ သားစိုး(၉၇) ဖုန်း-၀၉-၅၁၄၀၂၁၀၊ ကျော်သူစိုး(၉၉) ဖုန်း-၀၉-၈၆၃၆၉၆၀၊ ရဲမင်းလွင်(၀၂) ဖုန်း-၀၉-၅၅၀၄၅၉၄ ကျောင်းသား ကျောင်းသူဟောင်းများထံ ဆက်သွယ် လှူဒါန်းနိုင်ကြောင်း သိရှိရသည်။ **(မြန်မာ့အလင်း)**

## ဗလငါးတန် ဖွံ့ဖြိုးဖို့ စာအုပ်စာပေလေ့လာစို့

**ဖျာပုံမြို့ အမှတ် (၁) အခြေခံပညာအလယ်တန်းကျောင်း ပညာရည်ချွန်ဆုပေးပွဲနှင့် ဘက်စုံထူးချွန်ဆုပေးပွဲကို ဇန်နဝါရီ ၂၉ ရက်က ကျင်းပရာ သူငယ်တန်းမှ စတုတ္ထတန်းအထိ ငါးနှစ်ဆက်တိုက် ပထမဆုရရှိသော မောင်ဟန်လင်းအောင်အား ကျောင်းအုပ်ဆရာကြီး ဦးသိန်းကြွယ် ဂုဏ်ပြုဆုချီးမြှင့်စဉ်။** (၁၃၇)

## အခြေခံပညာ အလယ်တန်းကျောင်းခွဲ ငါန်းဇွန်၌ဖွင့်

**ငါန်းဇွန် ဖေဖော်ဝါရီ ၆**

ငါန်းဇွန်မြို့နယ် မိုးတောင်ကျေးရွာ အခြေခံပညာအလယ်တန်းကျောင်းခွဲဖွင့်ပွဲကို အဆိုပါကျောင်း၌ ကျင်းပသည်။

**ဖဲကြိုးဖြတ်ဖွင့်**

အစီအစဉ်အရ မြို့မိမြို့ဖ ဒေါက်တာမြဦး၊ မြို့နယ်ဥက္ကဋ္ဌ ဦးသက်နိုင်၊ မြို့နယ်ပညာရေးမှူး ဦးမွေးကြူတို့က အခြေခံပညာအလယ်တန်းကျောင်းခွဲကို ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးပြီးနောက် ကျောင်းအုပ် ဆရာကြီး ဦးဘုန်းတင့်က ကျေးဇူးတင်စကားပြောကြားခဲ့ကြောင်း သိရှိရသည်။ **(မြို့နယ် ပြန်/ဆက်)**

ကာကွယ်ရေးဝန်ကြီးဌာနမှ စစ်ထောက်ချုပ် ဗိုလ်ချုပ်ဝေလွင် ဇေယျာသီရိ အဆင့်မြင့် အားကစားရုံတည်ဆောက်ရေးစီမံကိန်း ပန္နက်တော်တင် မင်္ဂလာအခမ်းအနားတွင် မင်းတိုင်နေရာ၌ ရတနာပန္နက်တော် တင်ပေးစဉ်။ (သတင်းစဉ်)

■ *ရှေ့ဖုံးမှ*

ရှေးဦးစွာ ဗိုလ်ချုပ်ဝေလွင်၊ တိုင်းမှူးနှင့် တာဝန်ရှိသူများသည် သတ်မှတ်နေရာအသီးသီး၌ နေရာယူကြသည်။

ထို့နောက် ဗိုလ်ချုပ်ဝေလွင်သည် မင်းတိုင်နေရာ၌ ရတနာပန္နက်တော်ကိုတင်ပေးပြီး အမွှေးနံ့သာရည်ဖြင့် ပက်ဖျန်းသည်။

**ပက်ဖျန်း**

ယင်းနောက် တိုင်းမှူး၊ တပ်မတော်အရာရှိကြီးများ၊ ကုမ္ပဏီဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက သတ်မှတ်နေရာများ၌ ရတနာပန္နက်တော်များကို တင်ပေးကြပြီး အမွှေးနံ့သာရည်ဖြင့် ပက်ဖျန်းကြသည်။

မက်(စ်)မြန်မာ ကုမ္ပဏီအုပ်စုက တာဝန်ယူတည်ဆောက်မည့် အဆိုပါ ဇေယျာသီရိအဆင့်မြင့် အားကစားရုံသည် အကျယ်အဝန်းဧရိယာ ၅၂၅၂၈၇ စတုရန်းပေရှိပြီး အားကစားရုံအတွင်း၌ အကျယ်အဝန်း ဧရိယာ ၁၈၈၂၇၅ စတုရန်းပေရှိသော ပရိသတ် ၅၀၀၀ဆံ့ Basketball and Volleyball ကွင်း တစ်ကွင်း၊ အကျယ်အဝန်းဧရိယာ ၉၁၈၀၉ စတုရန်းပေရှိသော ပရိသတ် ၃၀၀၀ဆံ့ Table Tennis ကွင်း တစ်ကွင်းနှင့် အကျယ်အဝန်းဧရိယာ ၉၁၈၀၉ စတုရန်းပေရှိသော ပရိသတ် ၃၀၀၀ ဆံ့ Badminton Hall တစ်ခု ပါရှိမည်ဖြစ်ကြောင်း သိရှိရသည်။

**(သတင်းစဉ်)**

**နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်မောင်မောင်အေး ဇေယျာသီရိ အဆင့်မြင့် အားကစားရုံ တည်ဆောက်ရေး စီမံကိန်း ပန္နက်တော်တင်မင်္ဂလာ အခမ်းအနားတွင် သတ်မှတ်နေရာ၌ ရတနာပန္နက်တော် တင်ပေးစဉ်။** (သတင်းစဉ်)

**မက်(စ်)မြန်မာကုမ္ပဏီအုပ်စု ဥက္ကဋ္ဌ ဦးဇော်ဇော် ဇေယျာသီရိ အဆင့်မြင့် အားကစားရုံတည်ဆောက်ရေးစီမံကိန်း ပန္နက်တော်တင် မင်္ဂလာ အခမ်းအနားတွင် သတ်မှတ်နေရာ၌ ရတနာပန္နက်တော် တင်ပေးစဉ်။** (သတင်းစဉ်)

# MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၇-၂-၂၀၁၁ (တနင်္လာနေ့ )

**နံနက်ပိုင်း**

- ၅:၀၀ MRTV-4 အဖွင့် Logo ပဌာန်းပါဠိတော်+ရတနသုတ်
- ၅:၂၀ MRTV-4 သတင်း
- ၅:၅၀ **စားဝတ်နေစဉ်ကျင့်စဉ်ဝင်** တရားတော် (ပြည်တွင်းပြည်ပ သာသနာပြုအောင်ဆန်း ဆရာတော် ဘဒ္ဒန္တသဒ္ဓမ္မကိတ္တိသာရ)
- ၆:၅၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **မင်းအတွက်ဆိုရင်** (အပိုင်း-၇)
- ၇:၃၀ MRTV-4 သတင်း
- ၈:၀၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **အရိပ်စစ်** (အပိုင်း-၁၂၄)
- ၈:၄၀ လပြည့်ဝန်းသို့တမ်းချင်းည Live Show (Part-8)
- ၉:၁၅ ရန်ကုန်စက်မှုတက္ကသိုလ်(၁၉၆၆-၁၉၇၂) Mechanical ကျောင်းသားကျောင်းသူများ၏အာစရိယ ပူဇော်ပွဲ)
- ၉:၃၀ MRTV-4 ကျန်းမာရေးကဏ္ဍ (ကလေးကျန်းမာရေးဆိုင်ရာ အယူအဆအမှားများ)
- ၁၀:၀၀ Activities in the City
  - (ONLINE ကုန်စည်ပြပွဲ)
  - (Build with Prido Party for Valued Contractors)
- ၁၀:၃၀ Celebrity Choice (ဇော်ပိုင်)
- ၁၁:၀၅ ရန်ကုန်မြင်ကွင်းကျယ် (Grand Opening Ceremony of New York Collection)
- ၁၁:၂၅ စာအုပ်ပြခန်း (မြန်မာ့ခြင်းလုံးအားကစားအကြောင်း သိကောင်းစရာနှင့် လွယ်ကူမှန်ကန်သည့်ခြင်းလုံးခတ် လေ့ကျင့်နည်းများ)
- ၁၁:၄၅ MRTV-4 ကာတွန်းအစီအစဉ်
- ၁၂:၁၅ နွေးထွေးပျူငှာကရုဏာနှင့် ထိရောက်စွာကုသ RIGHT ONCO CARE CENTRE…မှ
- ၁၂:၄၀ ဖူးပွင့်ဝေဆာရွှေကျင်မြေမှ ဥယျာဉ်သာ
- ၁:၀၀ **စားဝတ်နေစဉ်ကျင့်စဉ်ဝင်** တရားတော် (ပြည်တွင်းပြည်ပ သာသနာပြုအောင်ဆန်း ဆရာတော် ဘဒ္ဒန္တသဒ္ဓမ္မကိတ္တိသာရ)
- ၂:၀၀ MRTV-4 သတင်း
- ၂:၂၀ သဘာဝကပေးတဲ့အကျိုးအာနိသင် **ဆေးဖက်ဝင်တဲ့ရွှေဝါးရွက်** သတ္တိ၊ ထက်ထက်၊ စံမိုး၊ ဖြိုးသီရိခေတ်၊ ဒေါ်အောင်မြင့်ကြည် [ဒါရိုက်တာ-ကြည်သာ (ပွဲကြိုက်ခင်)]
- ၂:၅၀ FMF Selection
- ၃:၁၅ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **မင်းအတွက်ဆိုရင်** (အပိုင်း-၇)
- ၄:၀၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **အရိပ်စစ်** (အပိုင်း-၁၂၄)
- ၄:၄၀ **Activities in the City** **ဆောင်းနှင်းရည်** ရုပ်ရှင်နှင့် ဗီဒီယိုထုတ်လုပ်ရေးကုမ္ပဏီ မိတ်ဆက်ပွဲ
- ၅:၀၀ သီချင်းကောင်းကောင်း သီချင်းတောင်း
- ၅:၃၀ ဗီဒီယိုပြခန်း
- ၅:၄၅ ရန်ကုန်မြင်ကွင်းကျယ် (ကလေးကျောက်ကပ်ရောဂါဆိုင်ရာ ဆေးပညာနီးနှောဖလှယ်ပွဲ)
- ၆:၀၀ MRTV-4 သတင်း
- ၆:၂၀ သုဝဏ္ဏဘူမိမှ သာသနာ့ခက်ဝေငါးဆူမြေ
- ၆:၃၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **မင်းအတွက်ဆိုရင်** (အပိုင်း-၈)
- ၇:၂၀ လပြည့်ဝန်းသို့တမ်းချင်းည Live Show (Part-9)
- ၈:၀၀ MRTV-4 သတင်း
- ၈:၃၀ စကားနပန်း **လျှို့ဝှက်တာကောင်းတယ်၊ မလျှို့ဝှက်တာကောင်းတယ်**
- ၉:၃၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **အရိပ်စစ်** (အပိုင်း-၁၂၄)
- ၁၀:၁၅ Sunday Talk (တယောဦးတင်ရီ၊ မျိုးမြတ်သူ)
- ၁၀:၃၅ Activities in the City (PG & 21 ca ရေကြည်ဆေးမှုန့် မိတ်ဆက်ရှင်းလင်းပွဲ)
- ၁၁:၀၀ အနုပညာမိုးကောင်းကင်
- ၁၁:၂၀ International Show Biz
- ၁၁:၃၅ မမေ့နိုင်ပါပြီ … ကမ္ဘောဇအလှဌာနီ
- ၁၁:၅၅ ဈေးဝယ်လမ်းညွှန် (ရွှေနဂါးဖိနပ်ဆိုင်)
- ၁၂:၂၅ ကလေးများအတွက်ပါးစပ်ထဲမှ သွားကလေးများအကြောင်း သိကောင်းစရာ (ဒေါက်တာမိုလာ)
- ၁၂:၃၅ **ဘဝများ** (ဂီတပညာရှင်နိုင်ဇော်၏ဘဝ)
- ၁:၀၅ စွမ်းရည်မြင့်မားလယ်ယာ(၁၆) လက်တွန်းထွန်စက်တာယာများ
- ၁:၃၅ ဆန်းသစ်တီထွင်ဒီဇိုင်းဖက်ရှင် (ဒီဇိုင်နာဘိုဘိုနှင့်တွေ့ဆုံခြင်း)
- ၁:၅၅ ဒို့တိုင်းဌာနီဧရာဝတီ [မြန်မာ့စပါးကျီ(သို့မဟုတ်) ဧရာဝတီ]
- ၂:၁၀ စိတ်ဝင်စားစရာ ကျောက်မျက်ကမ္ဘာ (မြန်မာ့ကျောက်စိမ်း မြန်မာ့အနုပညာ)
- ၂:၃၀ ဖန်တီးသူတို့ကမ္ဘာ
- ၂:၅၀ သက်ကြီးမသန်စွမ်းကျောင်း၏ အသက်မွေးမှုပညာရပ်များ
- ၃:၀၀ ကဏ္ဍစုံလင်အားကစားအစီအစဉ်
- ၄:၀၀ **အသက်ကယ်တဲ့ရှည်စေလို** မင်းရာဇာ၊ စိုးရန်အောင်၊ သီရတီ [ဒါရိုက်တာ-ဒေါက်တာ တင်အောင်ရွှေ (သုတေသီ)]
- ၄:၁၀ မျိုးခိုးဝေဝေပတ္တမြားမြေမှ ကြည်ညိုဖွယ်ရာဘုရားစေတီ
- ၄:၂၅ ထူးခြားသွင်ပြင် သတ္တုပန်းပုရုပ်သွင်
- ၄:၄၀ ဓနုရိုးရာအစားအစာ စားချင်ဖွယ်ရာဟင်းထုပ်ပါ
- ၄:၅၀ ဆန်းသစ်တီထွင်လာသော မြန်မာ့ရုပ်သေးအကများ

**MRTV-4 အစီအစဉ်များကို ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်၊ မန္တလေးမြို့နှင့်အနီးတစ်ဝိုက်တို့တွင် ရိုးရိုး VHF တီဗွီအင်တင်နာဖြင့် အလွယ်တကူဖမ်းယူကြည့်ရှုနိုင်ပါသည်။ တောင်ကြီးမြို့နှင့်အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် ဖမ်းယူကြည့်ရှုနိုင်ပါသည်။**

# Sony' s 3D World မိတ်ဆက်ပွဲအခမ်းအနားကျင်းပ

**ရန်ကုန် ဖေဖော်ဝါရီ ၆**

TMW Enterprise Ltd. ၏ Sony's 3D World မိတ်ဆက်ပွဲ အခမ်းအနားကို ယနေ့ နံနက် ၁၀ နာရီတွင် ရန်ကုန်မြို့ ဒဂုံမြို့နယ် ပြည်လမ်းရှိ တော်ဝင်စင်တာ ပထမထပ်၌ ကျင်းပရာ အထူးဖိတ်ကြားထားသူများ၊ အရောင်းကိုယ်စားလှယ်များနှင့် TMW Enterprise Ltd. မှ ဝန်ထမ်းများတက်ရောက်ကြသည်။ **(အောက်ပုံ)**

Sony ၏ 3D နည်းပညာပိုင်းများနှင့် 3D World Concept ထဲမှ 3D Movie, 3D Game, 3D Photo များအကြောင်းကို တာဝန်ရှိသူများက မိတ်ဆက်ရှင်းလင်းကြရာ တက်ရောက်လာကြသူများက သိရှိလိုသည်များကို မေးမြန်းကြသည်။

မျက်မှောက်ခေတ်တွင် ဖျော်ဖြေရေးနည်းပညာသစ်များ အသစ် အသစ်ဖြစ်ပေါ်လျက်ရှိရာ အဆိုပါ မိတ်ဆက်ပွဲတွင် Sony ၏ နောက်ဆုံးပေါ် 3D Technology ကို 3D World Concept အဖြစ် အဓိက တင်ပြထားသည်။

**တင်ဆက်ပြသထား**

Sony ၏ 3D World မိတ်ဆက်ပွဲတွင် 3D TV အပါအဝင် 3D Function များ ပါဝင်သော 3D Movie, 3D Game, 3D Photo တို့ကို တွဲဖက်တင်ဆက်ပြသထားသည်။

**ခံစားကြည့်ရှုနိုင်**

Sony သည် ဖျော်ဖြေရေးကဏ္ဍတွင် နာမည်တစ်ခုအဖြစ် နေရာယူထားပြီး Home Entertainment, Camera နှင့် Game များ၌ ရှေ့ဆုံးမှ နေရာယူထားသည်။ ယခုလည်း Sony က ခြေလှမ်းတစ်ခုအနေဖြင့် အိမ်တွင်းဖျော်ဖြေရေးကို အစပျိုးပေးမည့် Sony's 3D World ကို မိတ်ဆက်ပေးခြင်းကြောင့် Sony 's 3D World ထဲကို ဝင်ရောက်ပြီး အရာရာကို ကိုယ်တိုင် ခံစားကြည့်ရှုနိုင်ပြီ ဖြစ်သည်။

3D ဆိုသည်မှာ အမြင်အာရုံတွင် တတိယအမြင်ပုံစံတစ်ခု ထပ်မံဖြည့်စွက်ထားပြီး ရုပ်ရှင်၊ ဗီဒီယိုနှင့် ဂိမ်းများကို ပိုမိုအသက်ဝင်စေသည်။ ပုံရိပ်တိုင်းသည် သဘာဝကျစေရုံမက မိမိကိုယ်တိုင် ပါဝင်လှုပ်ရှားနေသကဲ့သို့ ခံစားမှုကို ဖြစ်ပေါ်စေသည်။ ဖန်သားပြင်ပေါ်မှပုံရိပ်များ အပြင်သို့ အမှန်တကယ်ထွက်လာသကဲ့သို့လည်းကောင်း၊ ခေါင်းပေါ်ကနေ ဖြတ်သွားသကဲ့သို့လည်းကောင်း၊ ကိုယ်နှင့်ထိတွေ့လုနီးပါး ဖြစ်လာသကဲ့သို့လည်းကောင်း စသည့်ခံစားမှုများကို 3D က စွမ်းဆောင်ပေးနိုင်မည်ဖြစ်သည်။

Sony 3D နည်းပညာသစ်ကို Sony နှစ်ခြိုက်သူများအတွက် ရည်ရွယ်ပြီး ထပ်မံတင်ဆက်ပြသခြင်း ဖြစ်သည်။ Sony ၏ 3D နှင့် စပ်လျဉ်းသော ပစ္စည်းများကို စုံစုံလင်လင်နှင့် တစ်နေရာတည်း ကြည့်ရှုခံစားနိုင်မည်ဖြစ်ပြီး အဆိုပါ 3D World မိတ်ဆက်ပွဲကို ယနေ့မှ ဖေဖော်ဝါရီ ၈ ရက်အထိ တော်ဝင်စင်တာ ပထမထပ်၌ နေ့စဉ် နံနက် ၁၀ နာရီမှ ည ၁၀ နာရီအတွင်း ဆက်လက်ပြသသွားမည်ဖြစ်ရာ မည်သူမဆို ဝင်ရောက်ကြည့်ရှုလေ့လာဝယ်ယူနိုင်ကြောင်း သိရှိရသည်။

**(သတင်းစဉ်)**



# မိတ္ထီလာမြို့ အထက (၂) ကျောင်းသားကျောင်းသူဟောင်းများ၏ သတ္တမအကြိမ်မြောက် အာစရိယပူဇော်ပွဲကျင်းပမည်

**နေပြည်တော် ဖေဖော်ဝါရီ ၆**

မိတ္ထီလာမြို့ အထက(၂) ကျောင်း၌ အမျိုးသားကျောင်းမှ ယနေ့အထိ တာဝန်ထမ်းဆောင်ပြီး အငြိမ်းစားယူသွားကြသော အသက် (၆၀)ကျော် ဆရာ ဆရာမကြီးများအား ကျောင်းသားကျောင်းသူဟောင်း တပည့်အပေါင်းတို့က သတ္တမအကြိမ်မြောက် အာစရိယပူဇော်ပွဲကို ဖေဖော်ဝါရီ ၂၆ရက် (စနေနေ့) နံနက် ၉ နာရီတွင် မိတ္ထီလာမြို့ အထက(၂) ရတနာခန်းမ၌ ကျင်းပမည်ဖြစ်သည်။

ရပ်ဝေးရပ်နီးမှ ကျောင်းသားကျောင်းသူဟောင်းများ လာရောက်ပူဇော်ကန်တော့ကြရန်နှင့် အလှူငွေများ လှူဒါန်းလိုပါက ဦးကျော်ဝ အထက(၂) မိတ္ထီလာ(ကျောင်းအုပ်ကြီး) ဖုန်း-၀၆၄-၂၃၄၁၄၊ ဒုတိယဗိုလ်မှူးကြီး အောင်မြတ်(ငြိမ်း) ဖုန်း-၀၉-၂၂၀၁၀၇၅၊ ဦးခင်ထွန်း ဖုန်း-၀၆၄-၂၄၅၉၁၊ ဦးသိန်းထွန်း ဖုန်း-၀၆၄-၂၄၂၄၁၊ ၀၉-၂၂၀၀၈၆၁၊ ဦးလင်းကျော်စွာ (ရွှေကျားမင်းကဖီး) ဖုန်း-၀၁-၂၂၁၀၈၅၊ ၀၉-၅၁၀၈၅၀၉၊ ဦးသီလဝေလု (တံခွန် VCD & Game) ဖုန်း-၀၆၄-၂၅၂၇၆ တို့ထံသို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရှိရသည်။ **(သတင်းစဉ်)**

# သမဝါယမစာကြည့်တိုက် တီးတိန်၌ဖွင့်

**တီးတိန် ဖေဖော်ဝါရီ ၆**

ချင်းပြည်နယ် တီးတိန်မြို့တွင် သမဝါယမ စာကြည့်တိုက်ဖွင့်ပွဲကို ဇန်နဝါရီ ၁၁ ရက် နံနက် ၁၀နာရီက မြို့နယ်သမဝါယမ ဦးစီးဌာနရုံးတွင် ကျင်းပရာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးစည်သူအောင်နှင့် မြို့နယ်သမဝါယမ ဦးစီးဌာန ဦးစီးအရာရှိ ဦးထွန်း-ဒေါ်ခိုင်တို့က သမဝါယမစာကြည့်တိုက်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။ **(မြို့နယ် ပြန်/ဆက်)**

**စာအုပ်စာပေ လူ့မိတ်ဆွေ**

# ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်တင်ငွေ တော်ဝင်စင်တာနှင့် Cineplex ဖွင့်ပွဲ တက်ရောက်အားပေး

ရန်ကုန် ဖေဖော်ဝါရီ ၆

**ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်တင်ငွေသည် ယနေ့ နံနက် ၈ နာရီခွဲတွင် ရန်ကုန်မြို့ ဒဂုံမြို့နယ် ပြည်လမ်းရှိ တော်ဝင်စင်တာနှင့် Cineplex ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်အားပေးချီးမြှင့်ပြီး စင်တာအတွင်း လှည့်လည်ကြည့်ရှုအားပေးသည်။** (ယာပုံ)

**တက်ရောက်**

အဆိုပါ ဖွင့်ပွဲအခမ်းအနားသို့ ရန်ကုန်တိုင်းဒေသကြီး အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ထွန်းသန်း၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ တော်ဝင်မိသားစု Co., Ltd. ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ ဖွင့်ပွဲအခမ်းအနားကို တိုင်းမှူးနှင့် တော်ဝင်မိသားစု Co., Ltd.မှတာဝန်ရှိသူတို့က ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။

ထို့နောက် ဗိုလ်ချုပ်တင်ငွေသည် တော်ဝင်စင်တာဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးပြီး တိုင်းမှူးနှင့် အဖွဲ့ဝင်များ လိုက်ပါလျက် တော်ဝင်စင်တာအတွင်း လှည့်လည်ကြည့်ရှုအားပေးသည်။

**ဖွဲ့စည်းတည်ဆောက်**

အဆိုပါ တော်ဝင်စင်တာကို ဆက်သွယ်ရေးစနစ်များ၊ လျှပ်စစ်မီးပေး စနစ်များ၊ ဓာတ်လှေကား၊ စက်လှေကားစနစ်များ၊ မီးဘေးကာကွယ်ရေး စနစ်များ၊ သန့်ရှင်းရေးစနစ်များ၊ Air- Con System များ၊ စနစ်တကျ တစ်နေရာတည်းမှ ထိန်းချုပ်သည့် Central Control System တို့အပါအဝင် ခေတ်မီနည်းစနစ်များဖြင့် ဖွဲ့စည်းတည်ဆောက်ထားသည်။

ဈေးဆိုင်ခန်းများအတွက် အထပ်ငါးထပ်နှင့် ရုံးခန်းများအတွက် အထပ်လေးထပ် စုစုပေါင်း အထပ်ကိုးထပ် အဆောက်အအုံဖြစ်ပြီး Mini Theatre သုံးရုံပါဝင်သည်။ ထို့အတူ Super Market, Play Ground, Furniture Show Room များ၊ ဖက်ရှင်ဆိုင်များ အပါအဝင် ဆိုင်ခန်းများ တစုတဝေးတည်း ဖွင့်လှစ်ထားရှိသဖြင့် ခေတ်မီ Shopping Center တစ်ခုဖြစ်ကြောင်း သိရှိရသည်။

**(သတင်းစဉ်)**

## ဆုချီးမြှင့်

**ဖေဖော်ဝါရီ ၄ ရက်နှင့် ၅ရက်တို့တွင် လှိုင်မြို့နယ် လှိုင်မင်္ဂလာခန်းမ၌ ဆင်ယင်ထုံးဖွဲ့မှုပြိုင်ပွဲကို ကျင်းပရာ အကြီးတန်းပြိုင်ပွဲတွင် ပထမဆုရရှိသော ပန်းဘဲတန်းမြို့နယ်မှ မရွှေပိုးအိမ်အား ခရိုင်မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါ်မြင့်မြင့်ကြည် ဆုချီးမြှင့်စဉ်။** (၁၂၈)

## ထူးခြားသည့် ညအပူချိန်

၆-၂-၂၀၁၁

| | | |
|---|---|---|
| ဟားခါးမြို့ | - ၁ | ဒီဂရီစင်တီဂရိတ် |
| လားရှိုးမြို့ | ၃ | ဒီဂရီစင်တီဂရိတ် |
| နမ့်စန်မြို့ | ၄ | ဒီဂရီစင်တီဂရိတ် |
| ပင်လောင်းမြို့ | ၄ | ဒီဂရီစင်တီဂရိတ် |
| ဟဲဟိုးမြို့ | ၄ | ဒီဂရီစင်တီဂရိတ် |
| ပြင်ဦးလွင်မြို့ | ၄ | ဒီဂရီစင်တီဂရိတ် |
| မိုးကုတ်မြို့ | ၄ | ဒီဂရီစင်တီဂရိတ် |

## မြန်မာ့ရုပ်မြင်သံကြား အစီအစဉ်

၇-၂-၂၀၁၁ (တနင်္လာနေ့)

**နံနက်ပိုင်း**

၇:၀၀ ၁။ မင်းကွန်းဆရာတော်ကြီး၏ ပရိတ်တရားတော်
၇:၁၅ ၂။ အင်္ဂဇေယမင်္ဂလာ (ယဉ်ဝေယံထွန်း၊တေးရေး-ဂီတစာဆိုမျိုးနွယ်ဆွေ)
၇:၂၅ ၃။ ကျန်းမာဖို့အတူကစားစို့
၇:၃၀ ၄။ နံနက်ခင်းသတင်း
၇:၄၀ ၅။ သံသာချိုအေးမင်္ဂလာတေး
၇:၅၅ ၆။ **သက်ရှည်ကျန်းမာ လေ့ကျင့်ပါ**
၈:၀၀ ၇။ ချစ်စရာ့အရွယ်ကကြိုးသွယ်
၈:၁၀ ၈။ အတီးပြိုင်ပွဲ
၈:၂၅ ၉။ (၆၄)နှစ်မြောက် ပြည်ထောင်စုနေ့ ဂုဏ်ပြုအစီအစဉ်
၈:၄၀ ၁၀။ International News
၈:၄၅ ၁၁။ တေးဂီတအစီအစဉ်
၉:၀၀ ၁၂။ အစီအစဉ်ပြီး၏။

**ညပိုင်း**

၄:၀၀ ၁။ စစ်ချီတေး၊ စစ်သည်တေး
၄:၁၀ ၂။ အကပဒေသာ
၄:၁၅ ၃။ တေးဂီတအစီအစဉ်
၄:၂၅ ၄။ (၆၄)နှစ်မြောက် ပြည်ထောင်စုနေ့ ဂုဏ်ပြုအစီအစဉ်
၄:၃၅ ၅။ ၂၀၁၁ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ ဘာသာရပ်ဆိုင်ရာ သင်ခန်းစာ (ဇီဝဗေဒဘာသာရပ်)
၄:၅၅ ၆။ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ
၅:၀၀ ၇။ တေးဂီတအစီအစဉ် (မြန်မာ့အသံခေတ်ပေါ် တေးဂီတအဖွဲ့ဖျော်ဖြေခန်း)
၅:၁၅ ၈။ (၆၄)နှစ်မြောက် ပြည်ထောင်စုနေ့ ဂုဏ်ပြုအစီအစဉ်
၅:၃၀ ၉။ **မြန်မာတေးသံရှင်ရွေးချယ်ပွဲ**
၆:၀၀ ၁၀။ ညနေခင်းသတင်း
၆:၁၅ ၁၁။ မိုးလေဝသအခြေအနေ
၆:၂၀ ၁၂။ ဆိုကြမယ်၊ ပျော်ကြမယ်
၇:၀၀ ၁၃။ နိုင်ငံခြားဇာတ်လမ်းတွဲ **မေ့မေတ္တာ**(ဒုတိယတွဲ) (အပိုင်း-၆)
၇:၄၀ ၁၄။ **ပြည်ထောင်စုစိတ်ဓာတ် မပြတ်ရင့်သန် ခိုင်မာရန်မှာ ဒို့ဝန်တာ** (အသီးတစ်ရာအညှာတစ်ခု ဒို့ပြည်ထောင်စု)
၈:၀၀ ၁၅။ ပြည်တွင်းသတင်း
၁၆။ နိုင်ငံတကာသတင်းများ
၁၇။ မိုးလေဝသအခြေအနေ
၁၈။ **ကမ္ဘာ့ကျော်သရုပ်ဆောင်များ** (အပိုင်း-၁၀)
၁၉။ နိုင်ငံခြားဇာတ်လမ်းတွဲ **ရေသူမလေးနောက်ဆုံးချစ်ပုံပြင်** (ပထမပိုင်း) (အပိုင်း-၃၀) (ဇာတ်သိမ်းပိုင်း)

---

မြန်မာ့အလင်း **နောက်ဆုံးရနိုင်ငံတကာသတင်း**

မိုးမြင့်လင်းလက်-ရေးသားသည်။

## အင်ဒိုနီးရှား၌ ကူးတို့ယာဉ်နစ်မြုပ် ခရီးသည်ငါးဦး ပျောက်ဆုံးနေ

ဂျကာတာ ဖေဖော်ဝါရီ ၆

အင်ဒိုနီးရှားနိုင်ငံ ဆူလာဝေစီပြည်နယ် တာကာလာမြို့အနီး ရေပြင်တွင် ဖေဖော်ဝါရီ၆ရက်က ကူးတို့ရေယာဉ်တစ်စင်း **(အပေါ်ပုံ)** နစ်မြုပ်ခဲ့ရာ ခရီးသည် ငါးဦး ပျောက်ဆုံးပြီး ရှစ်ဦးကို ကယ်ဆယ်နိုင်ခဲ့ကြောင်း အင်ဒိုနီးရှား အရာရှိများက ပြောကြားသည်။

**နစ်မြုပ်**

လေပြင်းများတိုက်ခတ်၍ ကြီးမားသော ရေလှိုင်းများဖြစ်ပေါ်ကာ ကူးတို့ရေယာဉ်ကို ရိုက်ခတ်ခဲ့မှုကြောင့် ကူးတို့ရေယာဉ် တိမ်းမှောက်နစ်မြုပ်ခဲ့ရခြင်း ဖြစ်သည်။

ပျောက်ဆုံးနေသော ခရီးသည်ငါးဦးအား ကယ်ဆယ်ရေးအဖွဲ့များက လိုက်လံရှာဖွေလျက်ရှိကြောင်း ကယ်ဆယ်ရေးအဖွဲ့မှ တာဝန်ရှိသူတစ်ဦးက ပြောကြား သည်။

**(အင်တာနက်)**

## ရုရှားတောင်ပိုင်း၌ ရဟတ်ယာဉ် ပျက်ကျ

**မော်စကို ဖေဖော်ဝါရီ ၆**

ရုရှားနိုင်ငံတောင်ပိုင်း ကာမီကီရာဒေသတွင် ဖေဖော်ဝါရီ ၆ ရက်က ရဟတ်ယာဉ်တစ်စင်းပျက်ကျခဲ့ရာ နှစ်ဦးသေဆုံးခဲ့ကြောင်း ရုရှားမီဒီယာများက ဖော်ပြသည်။

**သေဆုံး**

ပျက်ကျခဲ့သည့် ရဟတ်ယာဉ်မှာ အမ်အိုင်-၂ အမျိုးအစားဖြစ်ပြီး ရဟတ်ယာဉ်ပေါ် လိုက်ပါလာသည့် လေယာဉ်မှူးတစ်ဦးနှင့် အင်ဂျင်နီယာတစ်ဦးတို့ သေဆုံးခဲ့ကြောင်း သိရသည်။

ရဟတ်ယာဉ်ပျက်ကျမှုနှင့် ပတ်သက်ပြီး စုံစမ်းစစ်ဆေးမှုများ ပြုလုပ်လျက်ရှိပြီး ၄င်းရဟတ်ယာဉ်မှာ နည်းစနစ်ပိုင်းဆိုင်ရာ ချွတ်ယွင်းမှုကြောင့် ပျက်ကျခဲ့ခြင်းဖြစ်နိုင်ကြောင်း သတင်း၌ ဖော်ပြသည်။

**(အင်တာနက်)**

## တရုတ်အရှေ့ပိုင်း၌ တောမီးလောင် ခြောက်ဦးသေဆုံး၊ သုံးဦးဒဏ်ရာရရှိ

**ဟန်ကျို့ ဖေဖော်ဝါရီ ၆**

တရုတ်နိုင်ငံအရှေ့ပိုင်း ကျီကျန်းပြည်နယ်တွင် ဖေဖော်ဝါရီ ၆ရက်က တောမီးလောင်မှု**(အောက်ပုံ)** ဖြစ်ပွားရာ ဒေသခံခြောက်ဦးသေဆုံးပြီး သုံးဦးဒဏ်ရာရရှိခဲ့ကြောင်း တရုတ်အရာရှိများက ပြောကြားသည်။

**သေဆုံး**

ချန်အင်စီရင်စု ဖူလင်ကျေးရွာအနီးတွင် တောမီးလောင်ခဲ့ခြင်းဖြစ်ပြီး သေဆုံးသူများမှာ မီးသတ်တပ်ဖွဲ့ဝင်များနှင့် ရွာသား ၃၀၀ခန့်တို့က မီးငြိမ်းသတ်ရေးကြိုးစားနေစဉ် သေဆုံးခဲ့ရခြင်းဖြစ်သည်။

**ကြပ်မတ်**

တောမီးလောင်မှု ထပ်မံမဖြစ်ပွားစေရေးအတွက် မီးသတ်တပ်ဖွဲ့ဝင်များက ဆက်လက်မီးငြိမ်းသတ်လျက်ရှိကြောင်း သိရသည်။

**(အင်တာနက်)**

ဟုမ္မလင်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့က ဆောင်ရွက်ခဲ့သော အရှည်ပေ၆၅၀၊ အကျယ် ၁၂ပေရှိ ဇီဝကလမ်း ကတ္တရာလမ်းသစ်ဖွင့်ပွဲကို ဇန်နဝါရီ ၁၉ ရက်က ကျင်းပရာ နယ်မြေခံတပ်နယ်မှ ဒုတိယဗိုလ်မှူးကြီး ထွန်းအောင်ကျော်၊ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးသိန်းထွန်း၊ မြို့နယ်အမှုဆောင်အရာရှိ ဦးမျိုးတို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြစဉ်။ (မြို့နယ်စည်ပင်)

## (၆၃)နှစ်မြောက် ပြည်ထောင်စုနေ့ ကြိုဆိုဂုဏ်ပြု လမ်းဖွင့်ပွဲများ ကျင်းပ

**နေပြည်တော် ဖေဖော်ဝါရီ ၆**

(၆၃)နှစ်မြောက် ပြည်ထောင်စုနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ရပ်စောက်မြို့နယ် စည်ပင်သာယာရေးအဖွဲ့က၂၀၁၀-၂၀၁၁ ဘဏ္ဍာရေးနှစ်တွင်ဆောင်ရွက်ပြီးစီးခဲ့သော ပင်ဖြစ်ဈေးပတ်လမ်း ကျောက်ချောလမ်းသစ်ဖွင့်ပွဲ အခမ်းအနားကို ဇန်နဝါရီ ၂၇ ရက်က အဆိုပါ ပင်ဖြစ်ဈေးမုခ်ဦး၌ကျင်းပရာ မြို့နယ်ဥက္ကဋ္ဌ ဦးခွန်စိုးလွင်နှင့် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးသောင်းညွှန့်တို့က လမ်းသစ်ကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။

အဆိုပါ ကျောက်ချောလမ်းမှာ အရှည်ပေ ၁၉၈၀၊ အကျယ် ပေ ၁၀ ဖြစ်ပြီး ခွင့်ပြုငွေကျပ် ၅၈ ဒသမ ၈ သိန်းဖြင့် အကုန်အကျခံ ဆောင်ရွက်ပေးခဲ့ကြောင်း သိရှိရသည်။

### ဖဲကြိုးဖြတ်ဖွင့်လှစ်

အလားတူ ပင်လုံမြို့ စည်ပင်သာယာရေးအဖွဲ့၏ ပြည်ထောင်စု ကျောက်တိုင်ပတ်လမ်း ကတ္တရာလမ်းသစ် ဖွင့်ပွဲအခမ်းအနားကို ဇန်နဝါရီ ၃၀ ရက်က အဆိုပါလမ်း မုခ်ဦး၌ ကျင်းပရာ လွိုင်လင် တပ်နယ်မှူး၊ မြို့နယ်ဥက္ကဋ္ဌ ဦးအောင်ကြည်နှင့် လွိုင်လင်မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးသန်းနိုင်ဦးတို့က လမ်းသစ်ကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။

အဆိုပါ ကတ္တရာလမ်းသစ်မှာ အရှည်ပေ ၁၃၆၀၊ အကျယ် ၁၂ ပေဖြစ်ပြီး ခွင့်ပြုငွေကျပ် ၈၈၉၆၀၀၀ ဖြင့် အကုန်အကျခံဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ **(သတင်းစဉ်)**

ပဲခူးတိုင်းဒေသကြီး စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးအောင်မြင့်နှင့် ဒုတိယအင်ဂျင်နီယာမှူးကြီး ဦးသိန်းလွင်တို့ ပဲခူးမြို့ ပုဏ္ဏားစုရပ်ကွက်အတွင်းသို့ ရေပေးဝေလျက်ရှိသည့် ပုဏ္ဏားစုရေစက်ကို ဇန်နဝါရီ ၂၆ရက်က ကွင်းဆင်းစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးမိုးကျော်နှင့် တာဝန်ခံအင်ဂျင်နီယာ ဦးအောင်ကျော်လှုတို့ ရှင်းလင်းတင်ပြစဉ်။ (မြို့နယ်စည်ပင်)

## စာဆိုတော်နေ့ မအူပင်မြို့၌ကျင်းပ

**မအူပင် ဖေဖော်ဝါရီ ၆**

မအူပင်မြို့နယ် စာပေနှင့်စာနယ်ဇင်းအဖွဲ့က ဦးစီးကျင်းပသော (၆၁) ကြိမ်မြောက် စာဆိုတော်နေ့အခမ်းအနားကို ဇန်နဝါရီ ၁၆ ရက်က တိုးရွှေဝါခန်းမ၌ ကျင်းပရာ အခမ်းအနားတွင် စာပေနှင့်စာနယ်ဇင်းအဖွဲ့ ဥက္ကဋ္ဌ ဦးမြင့်သိန်း (ခြင်ကျား-မအူပင်)က နှုတ်ခွန်းဆက်စကားပြောကြားပြီး မြန်မာနိုင်ငံ စာပေနှင့်စာနယ်ဇင်းအဖွဲ့ (ဗဟို)မှပေးပို့သော သဝဏ်လွှာကို ဖတ်ကြားသည်။

ထို့နောက် မအူပင်မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးညီညီလင်းက ကျင်းပရေးရန်ပုံငွေကျပ် သုံးသိန်းကို စာပေအဖွဲ့သို့ ပေးအပ်လှူဒါန်းပြီးနောက် စာဆိုတော်နေ့အထိမ်းအမှတ် စာပေပြိုင်ပွဲ ဝတ္ထုဆောင်းပါး၊ ကဗျာ၊ တစ်မျက်နှာဝတ္ထုတို၊စာစီစာကုံး၊ ကာတွန်း အတွေးများမှ ဆုရရှိသူများအား စာပေဆုများ ချီးမြှင့်သည်။ **(ယာပုံ)**

### ဟောပြော

ဆက်လက်၍ စာဆိုတော်နေ့အထိမ်းအမှတ် စာပေဟောပြောပွဲကို ကျင်းပရာ စာရေးဆရာ ဒါရိုက်တာ ဆရာကြည်စိုးထွန်း၊ ကဗျာဆရာ မောင်စိန်ဝင်း (ပုတီးကုန်း)၊ ဆရာမ တက္ကသိုလ်အေးမြစန္ဒာတို့က စာပေရေးရာ၊ မှတ်ဖွယ် မှတ်ရာများကို ဟောပြောခဲ့ကြကြောင်းသိရှိရသည်။

**(မြို့နယ်စာပေနှင့်စာနယ်ဇင်းအဖွဲ့)**

## လယ်ယာသန်းခေါင်စာရင်းကောက်ယူခြင်းလုပ်ငန်း

## အလုပ်ရုံဆွေးနွေးပွဲ မုံရွာ၌ဖွင့်

**မုံရွာ ဖေဖော်ဝါရီ ၆**

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ကြေးတိုင်နှင့်မြေစာရင်းဦးစီးဌာနက တာဝန်ယူဆောင်ရွက်လျက်ရှိသည့် မြန်မာနိုင်ငံ လယ်ယာသန်းခေါင်စာရင်း ကောက်ယူခြင်းလုပ်ငန်းအတွက် တိုင်းဒေသကြီးအဆင့် အလုပ်ရုံ ဆွေးနွေးပွဲကို ဇန်နဝါရီ ၂၄ ရက် နံနက် ၁၀ နာရီက မုံရွာမြို့ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန စစ်ကိုင်းတိုင်းဒေသကြီး မြေစာရင်းဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ စစ်ကိုင်းတိုင်းဒေသကြီး အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအဖွဲ့ဝင်(၂) ဦးဌေးအောင်က အမှာစကားပြောကြားပြီး စစ်ကိုင်းတိုင်းဒေသကြီး မြေစာရင်းဦးစီးဌာနမှူး ဦးနိုင်အောင်က လယ်ယာသန်းခေါင်စာရင်း ကောက်ယူခြင်းလုပ်ငန်းနှင့် ပတ်သက်၍ ရှင်းလင်းဆွေးနွေး ပြောကြားကြသည်။ **(အပေါ်ပုံ)**

မြန်မာနိုင်ငံအနေဖြင့် လယ်ယာသန်းခေါင်စာရင်း ကောက်ယူခြင်းလုပ်ငန်းကို ၁၉၅၃ ခုနှစ်တွင် ပထမအကြိမ်အဖြစ် ကောက်ယူခဲ့ပြီး ၁၉၉၃ ခုနှစ်တွင် ဒုတိယအကြိမ်၊ ၂၀၀၃ခုနှစ်တွင် တတိယအကြိမ် ကောက်ယူခဲ့ကြောင်း သိရသည်။ ယခုကောက်ယူမည့် လယ်ယာသန်းခေါင်စာရင်းသည် စတုတ္ထအကြိမ်မြောက် ကောက်ယူခြင်းဖြစ်ကြောင်း သိရှိရသည်။

**(ကြေးတိုင်နှင့်မြေစာရင်း)**

## ဝန်းသိုမြို့၌ ပန်းအလှပင် စိုက်ပျိုး

***ဝန်းသို ဖေဖော်ဝါရီ ၆***

*ဝန်းသိုမြို့နယ် စည်ပင်သာယာရေးအဖွဲ့ဝန်ထမ်းများသည် စော်ဘွားကြီး ဦးအောင်မြတ်ရှပ်တုအနီး ဇန်နဝါရီ ၅ ရက်က မေမြို့ပန်း အလှပင်များ စိုက်ပျိုးနေမှုကို အမှုဆောင်အရာရှိ ဦးကျော်မိုးက ကြီးကြပ်ဆောင်ရွက်ပေးခဲ့ကြောင်း သိရှိရသည်။*

***(မြို့နယ်စည်ပင်)***

သတိပြု

## (၆၃)နှစ်မြောက် ပြည်ထောင်စုနေ့ ကြိုဆိုဂုဏ်ပြု ကတ္တရာလမ်းသစ်နှင့် ရေပေးရေးလုပ်ငန်းများဖွင့်

တာချီလိတ်မြို့နယ် ဆန်ဆိုင်း(ခ)ရပ်ကွက် ရွှေတိဂုံလမ်းသွယ်(၁)နှင့် အားကစားရုံလမ်းသွယ်များ ကတ္တရာလမ်းသစ်ဖွင့်ပွဲကို ဖေဖော်ဝါရီ ၅ ရက်က ကျင်းပရာ နယ်မြေခံတပ်နယ်မှ ဗိုလ်မှူးကြီးခင်မောင်စိုး၊ ပြည်နယ် စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးစိုင်းထွန်းထွန်းနှင့် ခရိုင်ဥက္ကဋ္ဌတို့က လမ်းသစ်များအား ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြစဉ်။ (ဝ၁၆)

ပုသိမ်ကြီးမြို့နယ်စည်ပင်သာယာရေးအဖွဲ့က ၂၀၁၀-၂၀၁၁ ဘဏ္ဍာရေးနှစ်အတွင်း အဖွဲ့၏ရန်ပုံငွေဖြင့် ဆောင်ရွက်ခဲ့သော ရတနာပုံကတ္တရာလမ်းသစ်ဖွင့်ပွဲကို ဖေဖော်ဝါရီ ၅ရက်တွင် ကျင်းပရာ မြို့နယ်ဥက္ကဋ္ဌ ဦးထွန်းလင်းနှင့် အမှုဆောင်အရာရှိ ဦးမြင့်လွင့်တို့ ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြစဉ်။ (သတင်းစဉ်)

ရှမ်းပြည်နယ်(မြောက်ပိုင်း) သိန္နီမြို့နယ် ချယ်ရီလမ်း ကတ္တရာလမ်းသစ်ဖွင့်ပွဲကို ဖေဖော်ဝါရီ ၂ ရက်က ကျင်းပရာ မြို့နယ်ဥက္ကဋ္ဌ ဦးသန်းအောင်နှင့် အမှုဆောင်အရာရှိ ဦးခင်စောတို့ ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြစဉ်။ (မြို့နယ်စည်ပင်)

သီပေါမြို့နယ်စည်ပင်သာယာရေးအဖွဲ့က ရေပူကျေးရွာ ရေပေးရေးလုပ်ငန်းဖွင့်ပွဲကို ဖေဖော်ဝါရီ ၅ ရက်က ကျင်းပရာ မြို့နယ်ဥက္ကဋ္ဌ ဦးကျော်ကျော်မောင်နှင့် အမှုဆောင်အရာရှိ ဦးသိန်းထိုက်ဦးတို့ ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြစဉ်။ (မြို့နယ်စည်ပင်)

တောင်သာမြို့နယ် စည်ပင်သာယာရေးအဖွဲ့က ဘူတာလမ်းကတ္တရာလမ်းသစ်ဖွင့်ပွဲကို ဖေဖော်ဝါရီ ၅ ရက်က ကျင်းပရာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအဖွဲ့ဝင် ဒုတိယရဲမှူး ရဲထွင်နှင့် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးလှဝင်းတို့ ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြစဉ်။ (သတင်းစဉ်)

7-2 (05).pmd 1 2/7/2011, 3:32 AM

(၆၄)နှစ်မြောက် ပြည်ထောင်စုနေ့အကြိုဂုဏ်ပြု ဖွံ့ဖြိုးတိုးတက်မှု

(၆၄)နှစ်မြောက် ပြည်ထောင်စုနေ့အကြိုဂုဏ်ပြု ဖွံ့ဖြိုးတိုးတက်မှု
(၆၄)နှစ်မြောက် ပြည်ထောင်စုနေ့အကြိုဂုဏ်ပြု ဖွံ့ဖြိုးတိုးတက်မှု

# ခေတ်မီဖွံ့ဖြိုးတိုးတက်စည်ပင် ကယားပြည်နယ်တစ်ခွင်

❖ *ကျော်ဖုံးမှ*

ကုန်းမြင့်ဒေသ၌ တည်ရှိသော ပြည်နယ်တစ်ခုဖြစ်ကာ ရှမ်းကုန်းပြင်မြင့်နှင့်ဆက်စပ်နေပြီး မြောက်ဘက်မှ တောင်ဘက်သို့စီးဆင်းသော မြစ်အများစုသည် တောင်ကုန်းထူထပ်သောဒေသကို ဖြတ်သန်းရသဖြင့် ရေစီးသန်သည်။ အင်းလေးကန်မှ စတင်စီးဆင်းသော ဘီလူးချောင်း၏အကျိုးကျေးဇူးကြောင့် လွိုင်ကော်ဒေသတွင် လောပိတ(၁)၊ လောပိတ(၂)နှင့် လောပိတ(၃) ဟူ၍ နိုင်ငံတော်၏ လျှပ်စစ်စွမ်းအားအတွက် အားထားရသော လျှပ်စစ်ဓာတ်အားပေးစက်ရုံများ ပေါ်ထွက်လာသည့်အပြင် လွိုင်ကော်လွင်ပြင်တွင်လည်း မြေဩဇာကောင်းမွန်သော စိုက်ပျိုးမြေများ ဖြစ်ထွန်းလာသည်။

ဖွံ့ဖြိုးတိုးတက်မှု၏အခြေခံသည် တည်ငြိမ်ခြင်းနှင့် ငြိမ်းချမ်းရေးပင်ဖြစ်သည်။ တပ်မတော်အစိုးရသည် ၁၉၈၈ ခုနှစ် နိုင်ငံ့တာဝန် စတင်ယူရချိန်မှစပြီး တောတွင်းလက်နက်ကိုင်အဖွဲ့များအား လက်နက်ကိုင်



ဘီလူးချောင်း အမှတ်(၂) ရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံ အဆောက်အအုံကြီးနှင့် တောင်ကြောပေါ်၌ သွယ်တန်းထားသောဖိအားမြှင့် ပိုက်လိုင်းနှစ်ခုကို တွေ့ရစဉ်။

## ကယားပြည်နယ် ဖွံ့ဖြိုးတိုးတက်မှုများ

| စဉ် | အကြောင်းအရာ | ရေတွက်ပုံ | ၁၉၈၈ | ၂၀၁၀ | တိုးတက်မှု |
|---|---|---|---|---|---|
| ၁ | စိုက်ပျိုးမြေဧရိယာ | ဧက | ၈၈၄၃၂ | ၁၇၇၉၁၂ | ၈၉၄၈၀ |
| ၂ | ဆည်တမံ | ခု | ၂၈ | ၃၂ | ၄ |
| ၃ | မြစ်ရေတင်လုပ်ငန်း | ခု | - | ၃ | ၃ |
| ၄ | ကြိုးဝိုင်းတော | စတုရန်းမိုင် | ၇၄ | ၂၇၀ | ၁၉၆ |
| ၅ | ကြိုးပြင်ကာကွယ်တော | စတုရန်းမိုင် | - | ၂၁၈၀.၇၂ | ၂၁၈၀.၇၂ |
| ၆ | ရထားလမ်း | မိုင် | - | ၁၀၁.၉၂ | ၁၀၁.၉၂ |
| ၇ | ကားလမ်း | မိုင် | ၄၄၅ | ၅၈၁ | ၁၃၆ |
| ၈ | ပေ ၁၈၀ အထက်တံတား | စင်း | ၆ | ၈ | ၂ |
| ၉ | စာတိုက်စခန်း | ခု | ၁၁ | ၁၄ | ၃ |
| ၁၀ | ကြေးနန်းရုံး | ရုံး | ၁၀ | ၁၁ | ၁ |
| ၁၁ | တယ်လီဖုန်းရုံး | ရုံး | ၄ | ၁၂ | ၈ |
| ၁၂ | မိုက္ကရိုဝေ့ဗ်စခန်း | ခု | - | ၂ | ၂ |
| ၁၃ | အခြေခံပညာကျောင်း | ကျောင်း | ၃၃၃ | ၃၉၁ | ၅၈ |
| ၁၄ | တက္ကသိုလ်၊ ကောလိပ် | ခု | - | ၃ | ၃ |
| ၁၅ | ဆေးရုံ/ကျန်းမာရေးဌာန | ရုံ/ဌာန | ၄၇ | ၅၃ | ၆ |

လမ်းစဉ်ကိုစွန့်လွှတ်ပြီး ဥပဒေဘောင်အတွင်းဝင်ရောက်လာရန် လက်ကမ်းကြိုဆိုခဲ့သည်။ ယင်းသို့ မွန်မြတ်သော သဘောထားစေတနာမှန်ဖြင့် မမိုတ်မသုန် ကြိုးပမ်းဆောင်ရွက်နိုင်မှုကြောင့် ပြည်ထောင်စုကြီးတစ်ခုလုံး ငြိမ်းချမ်းသာယာစွာဖြင့် တိုင်းရင်းသားများအားလုံး ဆူကြံနိမ့်မြင့် ကွာဟချက်မရှိ ပြိုင်တူဖွံ့ဖြိုးတိုးတက်လာခဲ့သည်။

နိုင်ငံတော်က ဖော်ဆောင်ပေးခဲ့သော ငြိမ်းချမ်းသာယာပြီး ဖွံ့ဖြိုးတိုးတက်သည့် အကျိုးဆက်ကို ကယားပြည်နယ်သည်လည်း အခြားပြည်နယ်/တိုင်းဒေသကြီးများနှင့်မခြား ပြိုင်တူရရှိခံစားခဲ့ရသည်။ ပြည်နယ်တစ်ခုလုံး ငြိမ်းချမ်းမှုရှိလာသည်နှင့်အမျှ ဖွံ့ဖြိုးတိုးတက်မှုအလှများ ဝေဆာလာခဲ့ရာ ရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံ၊ ဆက်သွယ်ရေးလုပ်ငန်းများ၊ စာသင်ကျောင်းများ၊ ဆေးရုံများ၊ တက္ကသိုလ်၊ ကောလိပ်နှင့် ကွန်ပျူတာတက္ကသိုလ်၊ နည်းပညာတက္ကသိုလ်များ အစီအရီ ပေါ်ထွန်းလာသဖြင့် ကယားပြည်နယ်သည် ၁၉၈၈ ခုနှစ်ကာလကထက် မျက်မှောက်ကာလ၌ ဖွံ့ဖြိုးတိုးတက်မှုများ သိသာထင်ရှားစွာ ဖြစ်ပေါ်လျက်ရှိသည်။ ။

*စာမျက်နှာ ၇ သို့*

**လွိုင်ကော် တက္ကသိုလ်**

ပညာတတ် တိုင်းရင်းသား လူငယ်မောင်မယ်များကို ပြုစုပျိုးထောင် မွေးထုတ်ပေးလျက်ရှိသည့် ကယားပြည်နယ်ရှိ လွိုင်ကော်တက္ကသိုလ်ကြီးကို ဤသို့ ခံ့ညားထည်ဝါစွာ တွေ့ရသည်။ (မြန်မာ့အလင်း)

7-2 (06).pmd 1 2/7/2011, 3:32 AM

(၆၄)နှစ်မြောက် ပြည်ထောင်စုနေ့အကြိုဂုဏ်ပြု ဖွံ့ဖြိုးတိုးတက်မှု
(၆၄)နှစ်မြောက် ပြည်ထောင်စုနေ့အကြိုဂုဏ်ပြု ဖွံ့ဖြိုးတိုးတက်မှု

*စာမျက်နှာ ၆ မှ*

ခံ့ညား ထည်ဝါသော လွိုင်ကော် ဘူတာရုံကြီး မျက်နှာစာ မြင်ကွင်းအလှကို ဤသို့ တွေ့ရသည်။

## အော်တို အိတ်ချိန်းရုံးနှင့် ဆက်သွယ်ရေးတာဝါတိုင်

ပြည်တွင်းဆက်သွယ်မှု ချောမွေ့သည်သာမက ကမ္ဘာတစ်ဝန်းသို့ပင် ပြောဆိုဆက်သွယ်နိုင်သည့် ကယားပြည်နယ် လွိုင်ကော်မြို့ရှိ အော်တိုအိတ်ချိန်းရုံးနှင့် ဆက်သွယ်ရေးတာဝါတိုင်ကြီးကို ဤသို့ တွေ့ရသည်။

# ကယားပြည်နယ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆက်လက်ဆောင်ရွက်သွားမည့် စီမံကိန်းများ

| စဉ် | အကြောင်းအရာ | တည်နေရာ | မှတ်ချက် |
|---|---|---|---|
| ၁ | ထူးချောင်းတံတား (တည်ဆောက်ဆဲ) | ဖားဆောင်းမြို့နယ် | အရှည် (၂၂၈) ပေ သံကူကွန်ကရစ်တံတား |
| ၂ | အမှတ်(၃)ဘီလူးချောင်း ရေအားလျှပ်စစ်စီမံကိန်း (တည်ဆောက်ဆဲ) | လွိုင်ကော်မြို့နယ် | စက်တပ်ဆင်အင်အား (၅၂) မဂ္ဂါဝပ် |

## လွိုင်နန်းဖ ရေလှောင်တမံ

ကယားပြည်နယ်တွင် စိုက်ပျိုးရေလုံလောက်စွာ ဖြန့်ဖြူးပေးနေသည့် ဒီမောဆိုမြို့နယ် လွိုင်နန်းဖရွာအနီး လွိုင်နန်းဖရေလှောင်တမံကလည်း ဒေသခံတိုင်းရင်းသား တောင်သူများ လယ်ယာသီးနှံအထွက်တိုးစေရန်အတွက် များစွာအထောက်အကူပြုလျက်ရှိသည်။



(၆၄)နှစ်မြောက် ပြည်ထောင်စုနေ့အကြို ဂုဏ်ပြုဆောင်းပါး (၆၄)နှစ်မြောက် ပြည်ထောင်စုနေ့အကြို ဂုဏ်ပြုဆောင်းပါး (၆၄)နှစ်မြောက် ပြည်ထောင်စုနေ့အကြို ဂုဏ်ပြုဆောင်းပါး (၆၄)နှစ်မြောက် ပြ

# မရှိတာထက် မသိတာခက်

မောင်ဒွဲဒိုး




**မောင်ဒွဲဒိုး ။** ။ ဘကြီးဖြိုးရေ။ ပထမအကြိမ် လွှတ်တော်အစည်းအဝေးတွေတော့ ကျင်းပနေပြီနော်။ အဲဒီလွှတ်တော်နဲ့ပတ်သက်လို့ ဟိုက၊ ဒီက ပြောသံဆိုသံတွေလည်း ကြားလာရတယ်ဗျ။

**ဘကြီးဖြိုး။** ။ ဒီလိုပဲပေါ့ကွာ။ လူအမျိုးမျိုး၊ စိတ်အထွေထွေဆိုတော့ အမြင်တွေကလည်း အမျိုးမျိုးရှိတတ်တာပေါ့။ အရေးကြီးတာက အကြောင်းအရာတစ်ခုခုကို ပြောမယ်ဆိုရင် ကိုယ်တိုင်က အဲဒီအကြောင်းနဲ့ပတ်သက်လို့ သေသေချာချာ၊ ရေရေလည်လည် သိထားသင့်သလို အားလုံးကောင်းစေချင်တဲ့ စေတနာအရင်းခံနဲ့ ပြောကြဖို့လိုတာပါပဲ။ အဲဒီလိုမှမဟုတ်ရင် မတတ်တဲ့လူက မသိတဲ့လူကို တလွဲလမ်းပြတာ၊ အမနာပ ပြောတာမျိုးပဲ ဖြစ်သွားတတ်ပြီး အကျိုးမဲ့ဖြစ်သွားတတ်သကွ။

**မောင်ဒွဲဒိုး။** ။ မှန်ပါ့ဘကြီးရာ။ ဒါကြောင့် အဲဒီပြောနေဆိုနေတာတွေနဲ့ပတ်သက်လို့ နိုင်ငံရေးမှာ အတွေ့အကြုံဗဟုသုတများတဲ့ ဘကြီးဆီ မေးကြည့်ချင်တာလေးတွေရှိတာနဲ့ လာခဲ့တာပဲဗျာ။

**ဘကြီးဖြိုး။** ။ ကဲ-ဆိုစမ်းပါဦး။ မင်းမေးချင်တဲ့ကိစ္စလေးတွေက ဘာတဲ့တုန်း။

**မောင်ဒွဲဒိုး။** ။ ဒီလို - ဘကြီးရ၊ ပထမဆုံးအချက်ကတော့ ကြားခဲ့တာ နည်းနည်းကြာသွားပါပြီ၊ အတော်ကလေးလူသိများတဲ့ ပုဂ္ဂိုလ်တစ်ယောက်ကပြောတာပါ။ ဥပဒေနဲ့ အသက်မွေးနေတဲ့သူ တစ်ယောက်ပါပဲ။ သူက ၂၀၀၈ခုနှစ် အခြေခံဥပဒေမှာ ပြည်ထောင်စုလွှတ်တော် ပထမအကြိမ် စတင်ကျင်းပချိန်ကျမှ ဥပဒေက အသက်ဝင်အာဏာတည်မယ်လို့ဆိုတယ်။ ပြည်ထောင်စုလွှတ်တော်ကလည်း ပြည်သူ့လွှတ်တော်နဲ့ အမျိုးသားလွှတ်တော်စပြီးကျင်းပပြီးမှ ခေါ်လို့ရမယ်။ အဲ အခြေခံဥပဒေအသက်မဝင်သေးဘဲလည်း ပြည်သူ့လွှတ်တော်နဲ့ အမျိုးသားလွှတ်တော်ကခေါ်လို့ မရနိုင်တော့ ၂၀၀၈ အခြေခံဥပဒေအရဆိုရင် လွှတ်တော်ဆိုတာ ဘယ်လိုမှ ခေါ်မရနိုင်ဘူးလို့ ပြောခဲ့တာ ကြားမိတယ်ခင်ဗျ။

**ဘကြီးဖြိုး။** ။ ဒါကတော့ ကြက်မနဲ့ ကြက်ဥအစဘယ်လိုရှာမလဲဆိုတဲ့ ပုစ္ဆာမျိုးနဲ့ ကတ်သီးကတ်သတ် ပြောပုံရပါတယ်ကွာ။ မှန်းစမ်း၊ ဒီမှာ ၂၀၀၈ အခြေခံဥပဒေထဲမှာကို ပါပြီးသားမဟုတ်လား။ **ပုဒ်မ ၄၄၃မှာလေ၊ အခြေခံဥပဒေအာဏာတည်တဲ့နေ့မတိုင်မီ နိုင်ငံတော်အေးချမ်းသာယာရေးနဲ့ ဖွံ့ဖြိုးရေးကောင်စီက ဖွဲ့စည်းပုံအခြေခံဥပဒေ အကောင်အထည်ဖော်ရေးအတွက် ကြိုတင်ဆောင်ရွက်တဲ့ လုပ်ငန်းတွေဟာ ဒီဖွဲ့စည်းပုံအခြေခံဥပဒေအရ ဆောင်ရွက်တယ်လို့ မှတ်ယူရမယ်တဲ့။ ဒီတော့ နိုင်ငံတော်အေးချမ်းသာယာရေးနဲ့ ဖွံ့ဖြိုးရေးကောင်စီက ခေါ်ယူကျင်းပတဲ့ ပထမအကြိမ် ပြည်သူ့လွှတ်တော်နဲ့ အမျိုးသားလွှတ်တော်တွေဟာ အခြေခံဥပဒေအရ ဆောင်ရွက်တာလို့ပဲ မှတ်ယူရမှာပေါ့။**

**မောင်ဒွဲဒိုး။** ။ တကယ်တော့ စာကို ကျေအောင်မဖတ်ဘဲနဲ့ ပြောချင်ဇောကြီးသွားပုံပါပဲခင်ဗျာ။ အဲ-နောက်တစ်ခုကတော့ လွှတ်တော်မကျင်းပခင် တစ်ရက်လောက်ကတင်ပဲ တိုက်ရိုက်လေလှိုင်းသံဆိုပြီး ပြည်ပမီဒီယာတစ်ခုက လွှင့်သွားတဲ့ကိစ္စခင်ဗျ။ သူပြောတဲ့အထဲမှာ အရင်လွှတ်တော်ကိုယ်စားလှယ်ဟောင်းဆိုတဲ့သူနဲ့ အင်တာဗျူးတာ ကြားမိတယ်။ အဲဒီကိုယ်စားလှယ်ဟောင်းကြီးက ဘာပြောသလဲဆိုတော့ ၂၀၀၈ ခုနှစ် အခြေခံဥပဒေအရ ဥပဒေမူကြမ်းကိုတင်တဲ့အခါ လွှတ်တော်ကိုယ်စားလှယ် ၂၅ ရာခိုင်နှုန်းကတင်မှ ဒီဥပဒေမူကြမ်းဟာ ဆွေးနွေးဖို့အဆင့်ကို ရောက်မှာဖြစ်တယ်။ အခုလွှတ်တော်မှာ စစ်ဘက်နဲ့ ပြည်ခိုင်ဖြိုးပါတီကမဟုတ်ရင် ကျန်တဲ့ပါတီတွေက ၁၇ ရာခိုင်နှုန်းလောက်ပဲ အင်အားရှိတော့ ဥပဒေမူကြမ်းတင်ဖို့တောင်မှ မဖြစ်နိုင်ဘူးလို့ ပြောတယ်။ အဲဒါကရော ဘယ်လိုလဲဆိုတာ ရှင်းပြပေးပါဦး ဘကြီးရယ်။

**ဘကြီးဖြိုး။** ။ ဒါကလည်း မင်းပြောသလိုပဲ စာကို သေချာမဖတ်ဘဲလိုရာဆွဲ ထင်ရာ ပြောပုံရပါတယ်ကွာ။ **သာမန်အားဖြင့် ပြည်သူ့လွှတ်တော်မှာပဲဖြစ်ဖြစ်၊ အမျိုးသားလွှတ်တော်မှာပဲဖြစ်ဖြစ် လွှတ်တော်ကိုယ်စားလှယ်တစ်ယောက်ဟာ ပုဒ်မ ၁၃၈(ခ)အရ ပြည်ထောင်စုလွှတ်တော်မှာပဲ တင်သွင်းဆုံးဖြတ်ဖို့ သတ်မှတ်တဲ့ကိစ္စတွေကလွဲပြီး ကျန်ကိစ္စတွေနဲ့စပ်လျဉ်းတဲ့ ဥပဒေမူကြမ်းတွေကို သက်ဆိုင်ရာ လွှတ်တော်မှာစပြီး တင်သွင်းခွင့်ရှိပါတယ်။** အဲဒီလို တင်သွင်းတဲ့ဥပဒေမူကြမ်းကို နည်းဥပဒေ ၁၅၁(ခ)အရ လွှတ်တော်ကိုယ်စားလှယ်တွေကြားမှာဖြန့်ဝေပြီး လွှတ်တော်ကလက်ခံဆွေးနွေးဖို့ သင့် မသင့် လွှတ်တော်အစည်းအဝေးအထိတင်ပြီး ဆုံးဖြတ်ရမှာ ဖြစ်ပါတယ်။ လွှတ်တော်က လက်ခံဆွေးနွေးသင့်တယ်လို့ ဆုံးဖြတ်ရင် အဲဒီဥပဒေမူကြမ်းကို ဥပဒေမူကြမ်းကော်မတီဆီကို လွှဲပြီး စိစစ်ခိုင်းရမှာပေါ့။ ဒါကတော့ ဗြိတိသျှပုံစံမျိုးကို ယူထားတယ်လို့ ထင်တာပဲ။ အမေရိကန်ပုံစံဆိုရင်တော့ ဥပဒေမူကြမ်းဟာ လွှတ်တော်ကို မရောက်ခင်မှာ ကော်မတီတွေအမျိုးမျိုး အဆင့်ဆင့်က စိစစ်နေတာနဲ့တင် အတော်ကြာနေသေးတာကွ၊ တချို့ဥပဒေမူကြမ်းတွေဆို လွှတ်တော်ဆီတောင် ရောက်မသွားရှာဘဲ ကော်မတီမှာတင် ကိစ္စပြတ်ကုန်ကြတာပဲ။

**မောင်ဒွဲဒိုး။** ။ ဒါဖြင့်ရင် သူကဘာလို့ ၂၅ ရာခိုင်နှုန်းလို့ ပြောရတာလဲ ဘကြီးရဲ့။

**ဘကြီးဖြိုး။** ။ ငါထင်တာတော့ သမ္မတနဲ့ ဒုတိယသမ္မတကို စွပ်စွဲပြစ်တင်ဖို့ အဆိုတင်သွင်းမယ်ဆိုရင် အမတ် လေးပုံတစ်ပုံက လက်မှတ်ရေးထိုး တင်သွင်းရမယ်ဆိုတဲ့ အခြေခံဥပဒေပုဒ်မ ၇၁(ခ)ကို အမှတ်မှားပြီး စွဲသွားတယ်ထင်ပါ့ကွာ။ ဒါကြောင့်ပြောတာပေါ့ “မရှိတာထက် မသိတာခက်”လို့၊ မသိတာထက် ပိုခက်တာက မသိဘဲနဲ့ ဟိုပြောသည်ပြော ပြောတာပဲဟေ့။

**မောင်ဒွဲဒိုး။** ။ အဲ-နောက်တစ်ယောက်က ပြောတာလည်း ရှိသေးတယ် ဘကြီးရ၊ ပြည်သူ့လွှတ်တော်နေရာ စုစုပေါင်း ၄၃၅ နေရာမှာ တိုင်းရင်းသားပါတီတွေက ၄၄ နေရာပဲ အနိုင်ရထားပြီး အမျိုးသားလွှတ်တော် ၁၆၈ နေရာမှာလည်း တိုင်းရင်းသားပါတီတွေက ၂၈ နေရာပဲရှိတော့ ဘာမှ ဖြစ်မြောက်အောင် ဆောင်ရွက်နိုင်မှာ မဟုတ်ဘူးလို့ ပြောတယ်ဗျ။

**ဘကြီးဖြိုး။** ။ ဒါကတော့ မဲဆန္ဒရှင်ပြည်သူတွေရဲ့ အဆုံးအဖြတ်ပဲပေါ့ကွာ။ စင်ကာပူနိုင်ငံမှာဆိုရင် လွှတ်တော်ကလည်း တစ်ရပ်တည်းပဲရှိတယ်၊ ရှိတဲ့လွှတ်တော်မှာလည်း အမတ်နေရာ ၉၄ နေရာမှာ ခန့်အပ်တဲ့အမတ်က ၁၀ နေရာ၊ အာဏာရ ပီအေပီပါတီက ၈၂ နေရာ အနိုင်ရထားပြီး အတိုက်အခံက ၂ နေရာပဲရှိတယ်။ ဒါတောင်မှ အတိုက်အခံဆိုတာ ဒီမိုကရေစီမှာ မရှိမဖြစ်လို့ နေရာချန်ထားပေးရတာ။ ဒါကလည်း စင်ကာပူလူထုက ပီအေပီကို ... ဘာပြောလို့ ရမလဲကွာ။ ... ကျင့်စဉ်ပဲလေ။ ဒါပေမဲ့လည ... နဲ့သူ့ဇာတ်က အလုပ်ဖြစ် ... မလေးရှားမှာဆိုလည်း အ ... နေရာ ၂၂၂ နေရာရှိတာမှာ ... က ၁၃၇ နေရာ၊ အတိုက် ... ရထားကြတာလေ။ လွှတ် ... မရတဲ့ ပါတီတွေအတွက် ... အများကြီး ရှိနေတာပါပဲ။ ... မှာ ပါလို့ရတယ်။ လွှတ် ... တင်နိုင်တယ်။ တစ်ဖက်က ... ကို ဆွေးနွေး အကြံပေး ... ပြင်ဆင်ပေးဖို့ တောင်းဆို ... အင်အားရှိရင် သမ္မတ၊ ... တွေကို စွပ်စွဲပြစ်တင်ဖို့၊ အ ... ပေးဖို့ တင်ပြနိုင်တယ်။ **လွှတ် ... နဲ့အညီ လွတ်လွတ်လပ်လ ... တယ်။ လွှတ်တော်မှာ ပြေ ... အရေးယူအပြစ်ပေးလို့ မရ ... ခုနှစ် အခြေခံဥပဒေထဲမှာ ... ပေးထားပြီးသား။ ဒီအခြေခံ ... အများစုက ထောက်ခံမဲပေး ... ဒီထက်ပိုပြီး လေးနက်ခိုင်မာ ... ဒီမိုကရေစီဆိုတာကတော့ အ ... အနည်းစုက လေးစားလိုက် ... ကိုလည်း အများစုက အလေ ... အင်မတန် မွန်မြတ်ယဉ် ... လုပ်ငန်းစဉ်ကြီးပါကွာ။ ငါ ... စပြီး ပျိုးထောင်နေရတာကွ**

**မောင်ဒွဲဒိုး။** ။ နောက်ဆုံးတစ်ချက်ကတော့ ... ပါတီတွေဟာ လက်ညှိုး ... လက်ခုပ်တီးရုံပဲ အလုပ်ရှိတာ ... ဆိုလို့ရမှာ မဟုတ်ဘူး။ လွှ ... ပိတ်ပြီးလုပ်တာ။ ဘာတွေ ... လည်း သိရမှာမဟုတ်ဘူး ... ဘကြီးရ။ မီဒီယာတွေကို ... လို့ ပြောကြတယ်။

**လွှတ်တော်ထဲမှာ အခြေခံဥပဒေနဲ့အညီ လွတ်လွတ်လပ်လပ် ပြောဆိုဆွေးနွေးနိုင်တယ်။ လွှတ်တော်မှာ ပြောဆိုဆွေးနွေးမှုတွေအပေါ် အရေးယူအပြစ်ပေးလို့ မရဘူး။ ဒါတွေဟာ ၂၀၀၈ ခုနှစ် အခြေခံဥပဒေထဲမှာ ပုဒ်မတွေနဲ့ သေချာပြဋ္ဌာန်းပေးထားပြီးသား။ ဒီအခြေခံဥပဒေကိုလည်း ပြည်သူအများစုက ထောက်ခံမဲပေးပြီး အတည်ပြုထားတာ။ ဒီထက်ပိုပြီး လေးနက်ခိုင်မာတာ ဘယ်ရှိတော့မလဲကွ။ ဒီမိုကရေစီဆိုတာကတော့ အများစုရဲ့ဆုံးဖြတ်ချက်ကို အနည်းစုက လေးစားလိုက်နာရပြီး အနည်းစုရဲ့ဆန္ဒကိုလည်း အများစုက အလေးထား စဉ်းစားပေးရတဲ့ အင်မတန် မွန်မြတ်ယဉ်ကျေးတဲ့ ဆက်ဆံရေးလုပ်ငန်းစဉ်ကြီးပါကွာ။ ငါတို့ဆီမှာက ဒါကိုအခုမှစပြီး ပျိုးထောင်နေရတာကွ။**

## ပြည်ထောင်စုအလှ မြ...

နှင်းဖုံးတောင်ကြား၊ ပြည့်မြောက်ဖျား...
ခါကာဘိုရာဇီ၊ ဝေသီထွတ်ခေါင်
တောင်မြင်းမိုရ်များ၊ မြစ်ဖျားခံကာ
ပူတာအို, နောင်မွန်၊ ဆွမ်ပရာဘွမ်မြေ...
ချီဖွေ, လောခေါင်၊ ဝါရှောင်, ဝိုင်းမော...
ပေါင်းဖော်မေခ၊ မလိခမည်
မြစ်နှစ်လီတို့၊ တူညီစုစည်း
မြစ်ကြီး“ဧရာ”၊ အလှဖြာသည်
သဘာဝပေးသည့် လက်ဆောင်ပါ။

နမ့်ယွန်း, ခန္တီး၊ လေရှီး, ထမံသီ
မြို့မည်ဟုမ္မလင်း၊ မင်းကင်း, ကလေ...
တစ်ပြေးညီဆင်း၊ ကင်းနှင့်ကနီ
ဝေသီတောင်ကြား၊ ဖြတ်သွားစီးရစ်
မြစ်“ချင်းတွင်း”မှာ၊ မုံရွာ, ရေစကြို...
ရေညှိရစ်သီ၊ တူညီစီးကာ
မြစ်ဧရာနှင့်၊ ညီညာကြောင်းပြု
ပေါင်းစုအင်အား၊ လွန်ကြီးမားသည်
ရွှေပြည်စီးပွားတိုးစေရာ။

ကုန်းကြမ်း, တာရှေထန်၊ ဟိုပန်, ကု...
တမန်ဆုံ, တာကော်၊ နှစ်မည်ခေါ်တွ...
သံလွင်, နမ့်ခေါင်၊ ညီနောင်နမ့်ပန်
မြစ်နှစ်တန်တို့၊ ပြန်လှန်ပေါင်းကာ
တာဆန်းကိုကျော်၊ လွိုင်ကော်, ရှားေ...
တောင်ကြောတောင်ကြား၊ ဖြတ်သွား...
ဖားကျော်, ဘားအံ၊ မြစ်မင်း“သံလွင်...

7-2 (08-09).pmd 1 2/7/2011, 3:32 AM

စင်ကာပူလူထုက ပီအေပီကိုကြိုက်လို့ မဲထည့်ကြတာ။ ဘာပြောလို့ ရမလဲကွာ။ အဲဒါက ဒီမိုကရေစီ ကျင့်စဉ်ပဲလေ။ ဒါပေမဲ့လည်း စင်ကာပူမှာ သူ့အရပ်နဲ့သူ့ဇာတ်က အလုပ်ဖြစ်နေတာပဲ မဟုတ်လား။ မလေးရှားမှာဆိုလည်း အောက်လွှတ်တော်မှာ အမတ်နေရာ ၂၂၂ နေရာရှိတာမှာ အာဏာရ ယူအမ်အင်အိုက ၁၃၇ နေရာ၊ အတိုက်အခံတွေက ၈၅ နေရာ ရထားကြတာလေ။ လွှတ်တော်မှာ အများစု နေရာ မရတဲ့ ပါတီတွေအတွက်လည်း လုပ်စရာတွေက အများကြီး ရှိနေတာပါပဲ။ လွှတ်တော်ကော်မတီတွေမှာ ပါလို့ရတယ်။ လွှတ်တော်မှာ ဥပဒေမူကြမ်း တင်နိုင်တယ်။ တစ်ဖက်ကတင်လာတဲ့ ဥပဒေမူကြမ်းကို ဆွေးနွေး အကြံပေးလို့ရတယ်။ လိုတာတွေ ပြင်ဆင်ပေးဖို့ တောင်းဆိုနိုင်တယ်။ လုံလောက်တဲ့ အင်အားရှိရင် သမ္မတ၊ ဒုတိယသမ္မတနဲ့ ဝန်ကြီးတွေကို စွပ်စွဲပြစ်တင်ဖို့၊ အခြေခံဥပဒေကို ပြင်ဆင်ပေးဖို့ တင်ပြနိုင်တယ်။ **လွှတ်တော်ထဲမှာ အခြေခံဥပဒေနဲ့အညီ လွတ်လွတ်လပ်လပ် ပြောဆိုဆွေးနွေးနိုင်တယ်။ လွှတ်တော်မှာ ပြောဆိုဆွေးနွေးမှုတွေအပေါ် အရေးယူအပြစ်ပေးလို့ မရဘူး။ ဒါတွေဟာ ၂၀၀၈ ခုနှစ် အခြေခံဥပဒေထဲမှာ ပုဒ်မတွေနဲ့ သေချာပြဋ္ဌာန်းပေးထားပြီးသား။ ဒီအခြေခံဥပဒေကိုလည်း ပြည်သူအများစုက ထောက်ခံမဲပေးပြီး အတည်ပြုထားတာ။ ဒီထက်ပိုပြီး လေးနက်ခိုင်မာတာ ဘယ်ရှိတော့မလဲကွ။ ဒီမိုကရေစီဆိုတာကတော့ အများစုရဲ့ ဆုံးဖြတ်ချက်ကို အနည်းစုက လေးစားလိုက်နာရပြီး အနည်းစုရဲ့ဆန္ဒကိုလည်း အများစုက အလေးထား စဉ်းစားပေးရတဲ့ အင်မတန် မွန်မြတ်ယဉ်ကျေးတဲ့ ဆက်ဆံရေး လုပ်ငန်းစဉ်ကြီးပါကွာ။ ငါတို့ဆီမှာက ဒါကိုအခုမှ စပြီး ပျိုးထောင်နေရတာကွ။**

**မောင်ဒွဲ့ဒိုး။** ။ နောက်ဆုံးတစ်ချက်ကတော့ လွှတ်တော်မှာ လူနည်းစုပါတီတွေဟာ လက်ညှိုးထောင်၊ ခေါင်းညိတ်၊ လက်ခုပ်တီးရုံပဲ အလုပ်ရှိတယ်။ ဘာမှလည်း ပြောလို့ဆိုလို့ရမှာ မဟုတ်ဘူး။ လွှတ်တော်ကလည်း တံခါးပိတ်ပြီးလုပ်တာ။ ဘာတွေပြောနေ ဆိုနေတယ်ဆိုတာလည်း သိရမှာမဟုတ်ဘူးလို့ ပြောနေကြပြန်တယ် ဘကြီးရ။ မီဒီယာတွေကိုလည်း ဖိတ်ကြားမှုမရှိဘူးလို့ ပြောကြတယ်။

**ဘကြီးဖြိုး။** ။ လွှတ်တော်မှာ အင်အားနည်းတဲ့သူတွေ ဘာတွေလုပ်နိုင်တယ်ဆိုတာ ခုနတုန်းက ပြောခဲ့ပြီးပြီလေ။ အခြေခံဥပဒေ ပုဒ်မ ၈၉၊ ၁၃၂ နဲ့ ၁၅၅ အရ လွှတ်တော်အသီးသီးရဲ့ ဆောင်ရွက်ချက်နဲ့ မှတ်တမ်းတွေကို အများပြည်သူသိရှိနိုင်ဖို့ ထုတ်ပြန်ရမယ်လို့ ပြဋ္ဌာန်းထားပြီးသားပါ။ ဒါပေမဲ့ ဥပဒေအရတားမြစ်ထားတဲ့ ကိစ္စတွေကိုတော့ ထုတ်ပြန်လို့ မရဘူးပေါ့။ ဒါကလည်း ဘယ်နိုင်ငံမှာမဆို ဒီလိုပါပဲ။ တံခါးပိတ်အစည်းအဝေးတွေက ဆွေးနွေးချက်တွေဆိုရင် ပြင်ပကို ထုတ်ပြန်လို့မရဘူးလေ။ **မီဒီယာကိစ္စကတော့ နိုင်ငံပိုင်မီဒီယာတွေက လွှတ်တော်ကျင်းပတဲ့ သတင်းအပြည့်အစုံကို ထုတ်ပြန်နေတာ တွေ့မိပါတယ်။ ပုဂ္ဂလိက မီဒီယာတွေကတော့ နောက်ပိုင်းအသားကျလာတဲ့အခါ စနစ်တကျ သတင်းယူခွင့် ရလာကြလိမ့်မယ်လို့ ထင်ပါတယ်။ မီဒီယာဆိုတာနဲ့ တံခါးမရှိ ဓားမရှိ ဖွင့်ပေးရမယ်ဆိုတာမျိုးတော့ ဖြစ်နိုင်မယ် မထင်ဘူး။ တစ်လောက ပုဂ္ဂလိကနာမည်ကြီးတွေရဲ့ မင်္ဂလာဆောင်မှာတောင် မီဒီယာတွေကို အတော်ထိန်းခဲ့ရသေးတာ မဟုတ်လား။ အခုဟာက တစ်နိုင်ငံလုံးရဲ့ အထွတ်အမြတ် အရေးအကြီးဆုံးနေရာဆိုတော့ လုံခြုံမှုရှိဖို့၊ စည်းကမ်းသေဝပ်မှုရှိဖို့ အတော်စဉ်းစားရမှာလေ။ အမေရိကန်လွှတ်တော်မှာလည်း လွှတ်တော်ဥက္ကဋ္ဌက သေချာစိစစ်ပြီး စိတ်ချယုံကြည်ရတဲ့ မီဒီယာတွေကိုပဲ သတင်းယူခွင့်ပေးတာ တွေ့ရတယ်။ ဒါတောင် သတင်းသမားတွေအတွက် သတ်သတ်နေရာတွေ သတ်မှတ်ပေးထားတာလေ။ လွှတ်တော်ဝင်းထဲဝင်မယ်ဆိုလည်း သတ္တုရှာတဲ့စက်နဲ့စစ်၊ ဓာတ်မှန်ရိုက်တဲ့စက်နဲ့စစ်၊ အိတ်ကြီးကြီးယူခွင့်မရ၊ အချိုရည်ဘူးတောင် ယူခွင့်မရ၊ ချွန်တဲ့အရာဆို သိုးမွေးထိုးတဲ့အပ်တောင် မယူရဆိုပြီး လုံခြုံရေးအရ တင်းကျပ်ထားတာပဲ။ ဒီလိုပဲ စည်းနဲ့ကမ်းနဲ့တော့ ဖြစ်လာလိမ့်မယ်လို့ ထင်ပါတယ်။**

**မောင်ဒွဲ့ဒိုး။** ။ ဒီမိုကရေစီဆိုတာ လွတ်လွတ်လပ်လပ်ထင်ရာပြော၊ ထင်ရာလုပ်၊ ထင်ရာစိုင်းခွင့် ရှိရမယ်ဆိုတဲ့ လွဲမှားတဲ့ အသိအမြင်တွေနဲ့ စွတ်ပြီး ထင်ရာမြင်ရာ ပြောဆိုနေကြဦးမယ်ဆိုရင်တော့ ဘကြီးပြောခဲ့သလို ''မရှိတာထက် မသိတာခက်၊ မသိတာထက် မသိဘဲ ထင်ရာပြောနေတာက ပိုပြီးခက်'' နေဦးတော့မှာပေါ့ ဘကြီးရေ။ ။

## ပြည်ထောင်စုအလှ မြစ်မလေးဖြာ

နှင်းဖုံးတောင်ကြား၊ ပြည့်မြောက်ဖျားမှာ
ခါကာဘိုရာဇီ၊ ဝေသီထွတ်ခေါင်
တောင်မြင့်မိုရ်များ၊ မြစ်ဖျားခံကာ
ပူတာအို, နောင်မွန်၊ ဆွမ်ပရာဘွမ်မြေ
ချီဖွေ, လောခေါင်၊ ဝါရှောင်, ဝိုင်းမော်
ပေါင်းဖော်မေခ၊ မလိခမည်
မြစ်နှစ်လီတို့၊ တူညီစုစည်း
မြစ်ကြီး ''ဧရာ''၊ အလှဖြာသည်
သဘာဝပေးသည့် လက်ဆောင်ပါ။

နမ့်ယွန်း, ခန္တီး၊ လေရှီး, ထမံသီ
မြို့မည်ဟုမ္မလင်း၊ မင်းကင်း, ကလေး
တစ်ပြေးညီဆင်း၊ ကင်းနှင့်ကနီ
ဝေသီတောင်ကြား၊ ဖြတ်သွားစီးရစ်
မြစ် ''ချင်းတွင်း'' မှာ၊ မုံရွာ, ရေစကြို
ရေညိုရစ်သီ၊ တူညီစီးကာ
မြစ်ဧရာနှင့်၊ ညီညာကြောင်းပြု
ပေါင်းစုအင်အား၊ လွန်ကြီးမားသည်
ရွှေပြည်စီးပွားတိုးစေရာ။

ကုန်းကြမ်း, တာရွှေထန်၊ ဟိုပန်, ကွမ်းလုံ
တမန်ဆုံ, တာကော်၊ နှစ်မည်ခေါ်တွင်
သံလွင်, နမ့်ခေါင်၊ ညီနောင်နမ့်ပန်
မြစ်နှစ်တန်တို့၊ ပြန်လှန်ပေါင်းကာ
တာဆန်းကိုကျော်၊ လှိုင်ကော်, ရှားတော
တောင်ကြောတောင်ကြား၊ ဖြတ်သွားဖားဆောင်း
ဖားကျော်, ဘားအံ၊ မြစ်မင်း ''သံလွင်''
စီးဝင်ဌာန၊ မုတ္တမမှသည်
ကျိုက္ခမီသောင်ယံဆီသို့သာ။

နေပြည်တော်, ရေဆင်း၊ ပျဉ်းမနား, အေလာ
ဒေသာဆီမှ၊ မြို့လှ, ရေနီ
တောင်ငူဆီသို့၊ ဦးတည်စီးကာ
ဆွာချောင်း, ခပေါင်း၊ ကျောက်ကြီးချောင်းနှင့်
ဖြူးချောင်းစီးဝင်၊ ရွှေကျင်, မဒေါက်
ကွမ်းဆိပ်ရောက်ကာ၊ မဟာ ''စစ်တောင်း''
ရဲနွယ်ချောင်းနှင့်၊ ပူးပေါင်းတစ်လီ
နဒီလှလှ၊ ခိုဝင်ခသည်
မြစ်ဝခေါင်းလောင်းပုံပမာ။

မြစ်ကြီးလေးသွယ်၊ မြစ်ငယ်လေးရာ
ဖြာဖြာစီးဆင်း၊ ပြည်တွင်းရိက္ခာ
ဝမ်းစာစပါး၊ သားငါးထွေထွေ
သောက်ရေသုံးရေ၊ လှေသမ္ဗန်မျှော
သဘော်စုန်ဆန်၊ မြန်မာအမျိုးသား
ကယား, ကရင်၊ ကချင်, မွန်, ချင်း
သွေးရင်းရခိုင်, ရှမ်း၊ ချစ်ကျွမ်း ဗမာ
ပြည်သာယာရေး၊ ဆက်သွယ်ပေးသည်
ပြည်ထောင်စုကြီးထည်ထည်ဝါ။
မြစ်မလေးဖြာ စီးသွယ်ဖြာ။
ကမ္ဘာတည်သရွေ့ တည်မည်သာ။ ။

(၆၄)နှစ်မြောက် ပြည်ထောင်စုနေ့ကို ကြိုဆိုဂုဏ်ပြုလျက်-

**ဖိုးရန်နိုင် (ကျောက်ကြီး)**

# ၂၀၁၁ခုနှစ်၊ (၆၄)နှစ်မြောက် ပြည်ထောင်စုနေ့ အမျိုးသားရေးဦးတည်ချက်များ

(၁) ပြည်ထောင်စု မပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေးနှင့် အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးဟူသော အမျိုးသားရေးမူဝါဒကို ပြည်ထောင်စုတိုင်းရင်းသားအားလုံး စောင့်ထိန်းကာကွယ်ရေး၊

(၂) တိုင်းရင်းသား ပြည်သူများအတွင်း ပြည်ထောင်စုစိတ်ဓာတ် ထာဝစဉ် ရှင်သန်ထွန်းကားရေး၊

(၃) နိုင်ငံတော်တည်ငြိမ်အေးချမ်းမှုနှင့် ခေတ်မီဖွံ့ဖြိုးတိုးတက်မှုတို့အား နှောင့်ယှက်ဖျက်ဆီးသည့် ပြည်တွင်း၊ ပြည်ပ အဖျက်သမားများ၏ အန္တရာယ်ကို တိုင်းရင်းသားအားလုံး စည်းလုံးညီညွတ်မှုဖြင့် ပူးပေါင်းကာကွယ်တားဆီးရေး၊

(၄) တိုင်းရင်းသားပြည်သူများ၏ တစ်ခဲနက်ထောက်ခံမှုဖြင့် အတည်ပြုခဲ့သော နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီနိုင်ငံတော်သစ် တည်ဆောက်ရေးအတွက် တိုင်းရင်းသားအားလုံး အားသွန်ခွန်စိုက် ကြိုးပမ်းဆောင်ရွက်ရေး၊

(၅) နှစ်ပေါင်းထောင်ချီ၍ ဥမကွဲသိုက်မပျက် ဖြစ်ထွန်းလျက်ရှိသည့် နိုင်ငံတော်ကြီးကို ပြည်ထောင်စုကြီးအဖြစ် အရှည်တည်တံ့ခိုင်မြဲစေရန် တိုင်းရင်းသားစည်းလုံးညီညွတ်မှုစွမ်းပကားဖြင့် ပူးပေါင်းဆောင်ရွက်ရေး။

# သာကေတ ကမ်းလွန်ရေနံအခြေစိုက်စခန်း

## စွမ်းအင်ဝန်ကြီး ဦးလွန်းသီ ကြည့်ရှုစစ်ဆေး

ရန်ကုန် ဖေဖော်ဝါရီ ၆

စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီး ဦးလွန်းသီသည် ယနေ့နံနက်ပိုင်းတွင် ရန်ကုန်မြို့ သာကေတမြို့နယ်ရှိ မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်း သာကေတ ကမ်းလွန်ရေနံအခြေစိုက်စခန်းသို့ရောက်ရှိရာ ရှေးဦးစွာ အစည်းအဝေးခန်းမ၌ အထွေထွေမန်နေဂျာက လုပ်ငန်းဆောင်ရွက်မှု အခြေအနေကို ရှင်းလင်းတင်ပြရာ ဝန်ကြီးက သာကေတ ကမ်းလွန်ရေနံအခြေစိုက်စခန်းသည် မိမိတို့ ဝန်ကြီးဌာန၏ အရေးကြီးလုပ်ငန်းစဉ်ဖြစ်သော ကုန်းတွင်းနှင့် ကမ်းလွန်ရေနံနှင့် သဘာဝဓာတ်ငွေ့ ရှာဖွေတူးဖော် ထုတ်လုပ်လျက်ရှိသည့် နိုင်ငံတစ်ဝန်းမှ နေရာဒေသများသို့ ရေနံတွင်းတူးစက်နှင့် ဆက်စပ်ပစ္စည်းများ၊ ရေနံတွင်းသုံးChemical များနှင့် အခြားထောက်ပံ့ရေးပစ္စည်းများ သိုလှောင်ပို့ဆောင်ဖြန့်ဖြူးပေးရသော Logestic Base စခန်းကြီးဖြစ်သဖြင့် လိုအပ်သောနေရာသို့ လိုအပ်သော ပစ္စည်းများကို အချိန်မီရောက်ရှိရေးအတွက် တာဝန်ရှိသူများက ဝိုင်းဝန်းပံ့ပိုးကြိုးပမ်းသွားရန်လိုကြောင်း၊ နိုင်ငံပိုင်ပစ္စည်း ယန္တရားများဖြစ်သဖြင့် လုပ်ထုံးလုပ်နည်းများအတိုင်း စနစ်တကျ ဆောင်ရွက်ပြီး စာရင်းများကိုက်ညီရန်နှင့် အလေအလွင့်နည်းပါးရန် အထူးကြပ်မတ်သွားရန်လိုကြောင်းဖြင့် ပြောကြားကာ ရှေ့ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များကို ချမှတ်ပေးသည်။

### ကြည့်ရှုစစ်ဆေး

ထို့နောက် ဝန်ကြီးသည် စခန်းဝင်းအတွင်းရှိ ပျော်ဘွယ်-ပျဉ်းမနား-ရေနီ-တောင်ဖီလာ ၁၂လက်မ သဘာဝဓာတ်ငွေ့ပိုက်လိုင်း ဆက်သွယ်ခြင်းလုပ်ငန်းအတွက် ပိုက်လိုင်းများ ပို့ဆောင်ဖြန့်ဖြူးနေမှု အခြေအနေကို ကြည့်ရှုစစ်ဆေးသည်။ **(အပေါ်ပုံ)**

ဆက်လက်၍ စခန်းဝင်းအတွင်းရှိ CNG သဘာဝဓာတ်ငွေ့သုံးမော်တော်ယာဉ်ဌာနသို့ ရောက်ရှိကာ CNG မော်တော်ယာဉ်များ နှစ်ပတ်လည်စစ်ဆေးနေမှုအခြေအနေကို ကြည့်ရှုစစ်ဆေးပြီး ဝန်ကြီးက ယာဉ်မောင်းများအား ရင်းရင်းနှီးနှီး နှုတ်ဆက်သည်။

### စမ်းသပ်ဆောင်ရွက်

ထို့နောက် CNG ဖိအားဖြင့် သဘာဝဓာတ်ငွေ့အိုးများ ဖိအားစမ်းသပ်စက်ရုံသို့ရောက်ရှိပြီး CNG ဆလင်ဒါအိုးများကို ခေတ်မီစက်များဖြင့် အိုးဒဏ်ရာ ရှိ၊ မရှိ စစ်ဆေးခြင်း၊ အိုးအတွင်းအမှိုက်များကို ရှင်းလင်းခြင်း၊ ရေအားဖြင့် သတ်မှတ်ဖိအားခံနိုင်ရည်ရှိ၊ မရှိ စမ်းသပ်ခြင်း၊ ဓာတ်ငွေ့ယိုစိမ့်မှုရှိ၊ မရှိ စစ်ဆေးခြင်း စသည်ဖြင့် နိုင်ငံတကာ စံချိန်စံညွှန်းနှင့်အညီ စမ်းသပ်ဆောင်ရွက်နေမှု အခြေအနေများကို လှည့်လည်စစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မြန်မာနိုင်ငံ လယ်ယာသန်းခေါင်စာရင်းကောက်ယူရေးလုပ်ငန်းစီမံကိန်း စာရင်းကောက်နှင့် ကြီးကြပ်သင်တန်းဖွင့်ပွဲကို ဇန်နဝါရီ ၂၅ ရက်က ကြို့ပင်ကောက်မြို့နယ် မြေစာရင်းဦးစီးဌာနတွင် ကျင်းပရာ ပဲခူးတိုင်းဒေသကြီး(အနောက်ပိုင်း) တိုင်းမြေစာရင်းဦးစီးဌာနမှူး ဦးမျိုးဦး အမှာစကားပြောကြားစဉ်။ (မြို့နယ်စည်ပင်)

## မြဝတီရုပ်မြင်သံကြား အစီအစဉ်

၇-၂-၂၀၁၁ (တနင်္လာနေ့)

**နံနက်ပိုင်း**

၇:၀၀ ၁။ မြဝတီအဖွင့်
၇:၀၃ ၂။ အဖွင့်နှုတ်ခွန်းဆက်စကား
၇:၀၄ ၃။ နိုင်ငံတော်သီချင်း
၇:၀၅ ၄။ တရားတော်
၇:၂၀ ၅။ ဓမ္မပူဇာတေး
၇:၂၅ ၆။ မျိုးချစ်တပ်မတော်
၇:၃၀ ၇။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇:၃၅ ၈။ မြန်မာသံစဉ်ချိုနားဝင်
၇:၄၀ ၉။ သာယာသီကြွေး ခေတ်ဆန်းတေး
၇:၅၅ ၁၀။ အမျိုးသားရေးတေးကဗျာ
၈:၀၀ ၁၁။ မြဝတီရုပ်မြင်သံကြားသတင်း
၈:၁၀ ၁၂။ အမျိုးသားရေးတေးကဗျာ

**ညပိုင်း**

၄:၀၀ ၁။ မြဝတီအဖွင့်
၄:၀၃ ၂။ အဖွင့်နှုတ်ခွန်းဆက်စကား
၄:၀၄ ၃။ နိုင်ငံတော်သီချင်း
၄:၀၅ ၄။ အဖွင့်သီချင်း
၄:၁၀ ၅။ မျိုးချစ်တပ်မတော်
၄:၁၅ ၆။ စိုက်ပျိုးသုတ
၄:၂၀ ၇။ ရင်မှာစွဲလမ်း တော်ဝင်ပန်း
၄:၃၀ ၈။ လျှပ်တစ်ပြက်
၄:၃၅ ၉။ ဗွီစီဒီကျော်ကြားတေး
၄:၄၀ ၁၀။ သတိနှင့်တိုးမည့်ပိုးဖလံများ
၅:၁၀ ၁၁။ ၂၀၁၁ ခုနှစ်တက္ကသိုလ်ဝင်စာမေးပွဲအထောက်အကူပြုသင်ခန်းစာ (ဇီဝဗေဒ)
၅:၂၀ ၁၂။ သာယာသီကြွေး ခေတ်ဆန်းတေး
၅:၃၀ ၁၃။ ရသစုံလင် ရုပ်မြင်ဇာတ်လမ်း **သက်တော်စောင့်** (အပိုင်း-၁၃)
၆:၀၀ ၁၄။ မြဝတီရုပ်မြင်သံကြားသတင်း
၆:၁၀ ၁၅။ အမျိုးသားရေးတေးကဗျာ
၆:၄၀ ၁၆။ သံစဉ်လမ်းက လင်းလက်ကြယ်
၇:၀၀ ၁၇။ ရသစုံလင် ရုပ်မြင်ဇာတ်လမ်း **ဖြူစင်သောအားမာန်** (အပိုင်း-၃၅)
၈:၀၀ ၁၈။ မြဝတီရုပ်မြင်သံကြားသတင်း
၁၉။ အမျိုးသားရေးတေးကဗျာ
၂၀။ နိုင်ငံတကာသတင်း
၂၁။ မိုးလေဝသသတင်း
၂၂။ Talk Of The Town
၂၃။ မေးမြန်းစူးစမ်း
၂၄။ သီဆိုဖြေဖျော်တစ်ကိုယ်တော်
၂၅။ ယနေ့ညအတွက်မြဝတီ၏ တေးလက်ဆောင်
၂၆။ ရသစုံလင် ရုပ်မြင်ဇာတ်လမ်း **ရင်၌တည်သောသစ္စာ** (အပိုင်း -၂)
၂၇။ **Miniseries**
၂၈။ အစီအစဉ်ပြီး၏။

# မီးဘေးကြိုတင်ကာကွယ်ရေး သရုပ်ပြ

ရန်ကုန် ဖေဖော်ဝါရီ ၆

မရမ်းကုန်းမြို့နယ်ရှိ ဘုရင့်နောင်ဈေးကြီး မီးဘေးကြိုတင်ကာကွယ်ရေး ဟောပြောပွဲနှင့် လက်တွေ့မီးငြိမ်းသတ် သရုပ်ပြပွဲကို ဇန်နဝါရီ ၂၉ ရက်က အဆိုပါဈေးကြီး၌ကျင်းပရာ ဟောပြောပွဲတွင် ဈေးများဌာန ဌာနခွဲမှူး ဦးအောင်နိုင်ထွေးနှင့် ဈေးသာယာရေးအဖွဲ့ဥက္ကဋ္ဌ ဦးမြင့်ထွန်းတို့က ဈေးကြီးအတွင်း မီးဘေးကြိုတင်ကာကွယ်ရေးဆိုင်ရာများကို ဆွေးနွေးဟောပြောကြသည်။

ဆက်လက်၍ လက်တွေ့မီးငြိမ်းသတ်ရေး သရုပ်ပြပွဲကျင်းပရာ မီးသတ်ဦးစီးဌာန ဘုရင့်နောင်မီးသတ်စခန်း စခန်းမှူး ဦးအောင်လင်းဦးနှင့် မီးသတ်တပ်ဖွဲ့ဝင်များက မီးသတ်ပိုက်များဖြင့် လက်တွေ့မီးငြိမ်းသတ်နည်းများ သရုပ်ပြသကြသည်။ **(အပေါ်ပုံ)**

ဘုရင့်နောင်ဈေးကြီး၌ မီးဘေးကြိုတင်ကာကွယ်ရေးအတွက် မီးသတ်ဆေးဘူး ၂၀၀ ကျော်ကို ဈေးကြီးအတွင်းနှင့် ရေဂါလန် ၄၇၀၀၀ ရှိ ရေကန်နှစ်ကန်တို့ထားရှိပြီး အရေးပေါ်ရေပက်ဖျန်းနိုင်ရန် မီးသတ်ငုတ်တိုင် ခုနစ်တိုင်နှင့် မီးသတ်စက်များဖြင့် မီးငြိမ်းသတ်နိုင်ရန် စီစဉ်ထားကြောင်း သိရှိရသည်။ **(သတင်းစဉ်)**

ဇန်နဝါရီ ၁၁ ရက်က ကျင်းပသော ကျောက်တန်းမြို့ (ရဲတပ်ရင်း) အခြေခံပညာအလယ်တန်းကျောင်း ၂၀၀၉-၂၀၁၀ ပညာသင်နှစ် ပညာရည်ချွန်ဆုပေးပွဲ အခမ်းအနားတွင် ပဋ္ဌမတန်း၌ ထူးချွန်ဆုရရှိသော မဟန်မီမီထွန်းအား ကျောင်းအုပ်ဆရာမကြီး ဒေါ်ပြုံးပြုံး ဆုချီးမြှင့်စဉ်။ (၁၁၅)

# ဖေဖော်ဝါရီလထုတ် မြဝတီမဂ္ဂဇင်းထွက်ပြီ

ရန်ကုန် ဖေဖော်ဝါရီ ၆

၂၀၁၁ ခုနှစ် ဖေဖော်ဝါရီလထုတ် မြဝတီမဂ္ဂဇင်းတွင် ရွှေမြိုင် ပြုံးလဲ့မော်၊ ညောင်ရွှေ-ခင်မောင်မြ၊ မောင်ငြိမ်းရည်(မင်းကင်း)၊ မင်းမောင်နွယ်(မွန်ဌာနီ)၊ ညွှန့်ဝေ(ကသာ)၊ မောင်စိမ်းနောင်(လယ်ဝေး)၊ ပျဉ်းမနားမြင့်လှိုင်၊ ရေနံ့သာမောင်ကျော်ညွှန့်၊ ရွှေစင်(ပေါက်ခေါင်း)တို့၏ ကဗျာများ၊ တင်အောင်နီ၊ ငွေကြည်၊ မြေဇာတို့၏ တစ်မျက်နှာကာတွန်းများ၊ ရှင်ဉာဏ(ဖျာပုံ)၊ ဗိုလ်ကလေးတင့်အောင်၊ မောင်ခင်မင်(ဓနုဖြူ)၊ ပီကျော်ဟန်၊ ဒေါက်တာ မတင်ဝင်း(ပညာရေးတက္ကသိုလ်)၊ လှထွန်း(တွံတေး)၊ ကိုကိုလှိုင်၊ မောင်စူးစမ်း၊ မောင်စိုးထိုက်(သုံးဆယ်)၊ ကျော်ဇောဟိန်း(ဒေါပုံ)၊ ဒေါက်တာကောင်းမြတ်၊ ကိုရဲ၊ မောင်ချိုမင်း(ကန္တာရဝတီ)၊ ငွမ်းဖြူဇင်၊ လှဘုန်းအောင်၊ ဖိုးရန်နိုင်(ကျောက်ကြီး)၊ ဒေါက်တာသန့်စင်၊ ကိုခန့်(သုတေသန)၊ ကေကေ(မဟာဝိဇ္ဇာ)၊ ရဲမာန်ခ၊ တက္ကသိုလ်သျှင်သီရိ၊ စံ-ဇာဏီဘို၊ အောင်မင်းစိုး(ကြို့ပင်ကောက်)တို့၏ သုတ-ရသ၊ ဟာသနှင့် ကျန်းမာရေးဆိုင်ရာဆောင်းပါးများ၊ ဆင်ဖြူကျွန်းအောင်သိန်း၊ မောင်မိုးယံ၊ မင်းယုဝေ၊ ခင်မောင်အေး(မန္တလေး)၊ သောင်းဝေဦး၊ တက္ကသိုလ်လှကြွယ်နှင့် စစ်နွေတို့၏ ခံစားမှုရသစုံဝတ္ထုတို့ကို ဖတ်ရှုရမည်ဖြစ်သည်။

### ဝယ်ယူဖတ်ရှုနိုင်

မြဝတီမဂ္ဂဇင်းကို အမှတ်(၁၈၁) ၃၂ လမ်း(အထက်) ပန်းဘဲတန်းမြို့နယ် ရန်ကုန်မြို့ ဖုန်း-၃၇၁၂၄၄ နှင့် အမှတ်(၁၅) တပ်မြေ မိုးကောင်းလမ်း (၁၅)ရပ်ကွက် ဘောက်ထော် ရန်ကင်းမြို့နယ် ရန်ကုန်မြို့ ဖုန်း-၅၅၉၂၇၃ တို့သို့ ဆက်သွယ်မှာကြား ဝယ်ယူဖတ်ရှုနိုင်ကြောင်းနှင့် စာဖတ်သူထံ VPP အရောက်ပို့စနစ်ဖြင့်လည်း ရောင်းချပေးလျက်ရှိကြောင်း သိရသည်။ **(သတင်းစဉ်)**

# တစ်ပြည်လုံးတွင် အများအားဖြင့် သာယာမည်

နေပြည်တော် ဖေဖော်ဝါရီ ၆

**ယနေ့နံနက် ၉ နာရီခွဲ မိုးလေဝသတိုင်းထွာချက်အကျဉ်းချုပ်မှာ** လွန်ခဲ့သော ၂၄ နာရီအတွင်းက စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းခဲ့ပြီး ကျန်ပြည်နယ်နှင့် တိုင်းဒေသကြီးတို့တွင် အများအားဖြင့် သာယာခဲ့သည်။ ညအပူချိန်များမှာ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်နှင့် ကရင်ပြည်နယ်တို့တွင် ဖေဖော်ဝါရီလ၏ ပျမ်းမျှအပူချိန်တို့အောက် ၃ ဒီဂရီစင်တီဂရိတ်၊ ချင်းပြည်နယ်တွင် ဖေဖော်ဝါရီလ၏ ပျမ်းမျှအပူချိန်တို့အောက် ၇ ဒီဂရီစင်တီဂရိတ် လျော့နည်းခဲ့ပြီး မွန်ပြည်နယ်တွင် ဖေဖော်ဝါရီလ၏ ပျမ်းမျှအပူချိန်တို့ထက် ၄ ဒီဂရီစင်တီဂရိတ်ပိုခဲ့ကာ ကျန်ပြည်နယ်နှင့် တိုင်းဒေသကြီးတို့တွင် ဖေဖော်ဝါရီလ၏ ပျမ်းမျှအပူချိန်ခန့်သာရှိခဲ့သည်။

**ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ** ယနေ့မြန်မာစံတော်ချိန် ၁၂ နာရီခွဲတိုင်းထွာချက်များအရ ဘင်္ဂလားပင်လယ်အော် အနောက်တောင်ပိုင်းနှင့် ယင်းနှင့်ဆက်စပ်လျက်ရှိသော သီရိလင်္ကာနိုင်ငံကမ်းခြေအနီးတွင် ဖြစ်ပေါ်နေသော လေဖိအားနည်းရပ်ဝန်းသည် ဆက်လက်တည်ရှိနေသည်။ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတို့တွင် တိမ်အသင့်အတင့်မှ တိမ်ထူထပ်နေပြီး ကျန်ဘင်္ဂလားပင်လယ်အော်တွင် အများအားဖြင့် သာယာနေသည်။

**ဖေဖော်ဝါရီ ၇ ရက် ညနေအထိခန့်မှန်းချက်မှာ** တနင်္သာရီတိုင်းဒေသကြီးနှင့် ကချင်ပြည်နယ်တို့တွင် နေရာကွက်ကျား မိုးအနည်းငယ်ရွာဖွယ်ရာရှိပြီး ဧရာဝတီတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်၊ ရခိုင်ပြည်နယ်၊ မွန်ပြည်နယ်နှင့် ကရင်ပြည်နယ်တို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းကာ ကျန်ပြည်နယ်နှင့် တိုင်းဒေသကြီးတို့တွင် အများအားဖြင့် သာယာမည်။ ရွာရန်ရာနှုန်း ၄၀ ဖြစ်သည်။

**မြန်မာ့ပင်လယ်ပြင်တွင်** လှိုင်းအသင့်အတင့် ရှိမည်။

**နောက်နှစ်ရက်အတွက်ခန့်မှန်းချက်မှာ** တစ်ပြည်လုံးတွင် အများအားဖြင့် သာယာမည်။

**နေပြည်တော်၊ ရန်ကုန်မြို့နှင့် မန္တလေးမြို့တို့ အနီးတစ်ဝိုက်တွင်** ယနေ့ အများအားဖြင့် သာယာမည်။

သထုံမြို့နယ်အသင်း(ရန်ကုန်) နှစ်ပတ်လည်သင်းလုံးကျွတ် အစည်းအဝေးနှင့် ပညာရည်ချွန်ဆုချီးမြှင့်ပွဲကို ဇန်နဝါရီ ၃၀ ရက်က ကျင်းပရာ အသင်းဥက္ကဋ္ဌ ဦးခင်မောင်ပြုံးက ထူးချွန်ဆုရ ကျောင်းသူတစ်ဦးအား ဆုချီးမြှင့်စဉ်။ (ပညာရေး)

# မီးဘေးကြိုတင်ကာကွယ်ရေး ဟောပြောသရုပ်ပြ

**နေပြည်တော် ဖေဖော်ဝါရီ ၆**

သစ်တောရေးရာဝန်ကြီးဌာန မြန်မာ့သစ်လုပ်ငန်း ပဲခူးတိုင်းဒေသကြီး (အနောက်) ပြည်ခရိုင် ရွှေတောင်မြို့နယ် နတ်မှော်ဇရာဝတီဖောင်ဖွဲ့ရေးဒေသ မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေး ဟောပြောပွဲနှင့် သရုပ်ပြပွဲအခမ်းအနားကို ဇန်နဝါရီ ၂၈ ရက် ညနေ ၃ နာရီက အဆိုပါရုံး အစည်းအဝေးခန်းမ၌ကျင်းပရာ အခမ်းအနားတွင် ဒုတိယ အထွေထွေမန်နေဂျာ ဦးထွန်းထွန်းဦးနှင့် ဇရာဝတီဖောင်ဖွဲ့ရေးဒေသ မန်နေဂျာ ဦးဝေကြိုင်တို့က အမှာစကား ပြောကြားကြသည်။

## လက်တွေ့သရုပ်ပြ

ထို့နောက် ရွှေတောင်မြို့နယ် မီးသတ်ဦးစီးဌာန ဦးစီးအရာရှိ ဦးမိုးကျော်က မီးဘေးကြိုတင်ကာကွယ်ရေးနှင့်စပ်လျဉ်းသည်များကို ရှင်းလင်းပြောကြားပြီး အရန်မီးသတ်တပ်ဖွဲ့ဝင်များနှင့် ဝန်ထမ်းများ ပူးပေါင်း၍ မီးသတ်ဆေးဘူးများ၊ မီးသတ်ယာဉ်များဖြင့် မီးငြိမ်းသတ်မှုတို့ကို လက်တွေ့သရုပ်ပြသခဲ့ကြောင်း သိရှိရသည်။

**(အောက်ပုံ) (သတင်းစဉ်)**

# ကျန်းမာရေးစောင့်ရှောက်မှုဆိုင်ရာ သင်တန်းဆင်းပွဲ ထားဝယ်မြို့နယ်၌ ကျင်းပ

**ထားဝယ် ဖေဖော်ဝါရီ ၆**

အသက် ငါးနှစ်အောက် ကလေးများတွင် အဖြစ်များသော နမိုးနီးယားနှင့် ဝမ်းပျက်ဝမ်းလျှောရောဂါများကို စေတနာ့ဝန်ထမ်း ကျန်းမာရေးလုပ်သားများက ကျန်းမာရေးစောင့်ရှောက်ကုသပေးခြင်း လုပ်ငန်းဆိုင်ရာ သင်တန်းဆင်းပွဲကို ဇန်နဝါရီ ၂၃ ရက် နံနက် ၇ နာရီခွဲက ထားဝယ်မြို့ အထွေထွေရောဂါကု ဆေးရုံကြီး အစည်းအဝေးခန်းမ၌ ကျင်းပရာ ကျန်းမာရေးဦးစီးဌာန၊ အမျိုးသမီးနှင့်ကလေး ကျန်းမာဖွံ့ဖြိုးရေးဌာနစိတ်မှ ဒုတိယညွှန်ကြားရေးမှူး ဒေါက်တာမြင့်မြင့်သန်း၊ လက်ထောက်ညွှန်ကြားရေးမှူး ဒေါက်တာမြလေးနွယ်၊ တနင်္သာရီတိုင်းဒေသကြီး ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာမောင်မောင်မင်းသိန်း၊ ထားဝယ်ခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးလှမျိုးနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ တက်ရောက်ကြသည်။

## ပေးအပ်

အခမ်းအနားတွင် တိုင်းဒေသကြီး ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာမောင်မောင်မင်းသိန်း **(အပေါ်ပုံ)** က သင်တန်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားပြီး သင်တန်းဆင်း စေတနာ့ဝန်ထမ်း ကျန်းမာရေးလုပ်သားများအား တာဝန်ရှိသူများက လုပ်ငန်းသုံး အထောက်အကူပြုပစ္စည်းများ ပေးအပ်သည်။

## တက်ရောက်

အဆိုပါသင်တန်းသို့ ထားဝယ်မြို့နယ်အတွင်းရှိ ရပ်ကွက်နှင့်ကျေးရွာများမှ သင်တန်းသား သင်တန်းသူ ၄၈ ဦးတက်ရောက်ခဲ့ကြောင်း သိရှိရသည်။ **(ခရိုင် ပြန်/ဆက်)**

# ရမည်းသင်းမြို့နယ်၌ နေကြာအောင်မြင်ဖြစ်ထွန်း

**ရမည်းသင်း ဖေဖော်ဝါရီ ၆**

ရမည်းသင်းမြို့နယ်၏ ၂၀၁၀-၂၀၁၁ခုနှစ် မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း ဆီထွက်သီးနှံ ဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်း OPEC Project မှ ဆောင်းနေကြာသီးနှံစံပြစိုက်ကွက်နှင့်ဓာတ်မြေဩဇာစမ်းသပ်ကွက်အောင်မြင်ဖြစ်ထွန်းနေမှုများအား တောင်သူဖိတ်ခေါ်ပြသပွဲကို ဇန်နဝါရီ ၂၉ ရက်က ရမည်းသင်းမြို့နယ် ဆည်ကြီးကျေးရွာအုပ်စု ကွင်းအမှတ် ၁၁၆၃၊ ဦးပိုင်(၂၃) တောင်သူ ဦးမောင်မြင့်၏ နေကြာစိုက်ခင်းတွင် နံနက် ၉နာရီက ကျင်းပရာ ရမည်းသင်းခရိုင် ဥက္ကဋ္ဌ ဦးထူးလွင်၊ ခရိုင်စိုက်ပျိုးရေးညှိနှိုင်းမှု အဖွဲ့ဝင်များ၊ အထက်မြန်မာပြည် ဆီထွက်သီးနှံ ဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်းမှ ဒုတိယစီမံကိန်းဒါရိုက်တာ ဦးကျော်စိုး၊ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဦးတင်အောင်ဝင်း၊ မြို့နယ် စိုက်ပျိုးရေးညှိနှိုင်းမှု အဖွဲ့ဝင်များနှင့် တပ်ကုန်း၊ ပျဉ်းမနား၊ လယ်ဝေး၊ ပျော်ဘွယ်၊ မိတ္ထီလာမြို့နယ်များမှ စိုက်ပျိုးပညာပေးရေး ဝန်ထမ်းများနှင့် တောင်သူများ တက်ရောက်ကြသည်။

## ဆွေးနွေး

ရမည်းသင်းမြို့နယ်၏ တောင်သူဖိတ်ခေါ်ပြသပွဲတွင် ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက မြို့နယ်အတွင်း ဆောင်းသီးနှံ နေကြာစိုက်ပျိုးထားရှိမှုများ၊ နေကြာမျိုးရွေးချယ်ခြင်းမှစ၍ အပင်သက်တမ်းတစ်လျှောက် ဓာတ်ပံ့မှတ်တမ်းများ၊ နေကြာ ဓာတ်မြေဩဇာ စမ်းသပ်ကွက်မှ တစ်ဧကမိတ်ဖက်အထွက်နှုန်းအရ ခန့်မှန်းချက်များ၊ နေကြာတစ်ဧက စိုက်ပျိုးထုတ်လုပ်မှု ကုန်ကျစရိတ်နှင့် တောင်သူအတွက် အကျိုးအမြတ်ဝင်ငွေများနှင့် စပ်လျဉ်း၍ ဆွေးနွေးခဲ့ကြကြောင်း သိရှိရသည်။ **(မြို့နယ်စိုက်ပျိုးရေး)**

# လယ်ယာသန်းခေါင်စာရင်းကောက်ယူရေးသင်တန်း သံဖြူဇရပ်မြို့နယ်၌ ဖွင့်လှစ်

**သံဖြူဇရပ် ဖေဖော်ဝါရီ ၆**

သံဖြူဇရပ်မြို့နယ် ကြေးတိုင်နှင့်မြေစာရင်းဦးစီးဌာနက ကြီးမှူးဖွင့်လှစ်သည့် ၂၀၁၀ ခုနှစ် မြန်မာနိုင်ငံ လယ်ယာသန်းခေါင်စာရင်း ကောက်ယူခြင်း လုပ်ငန်းသင်တန်းကို ဖေဖော်ဝါရီ ၁ ရက် နံနက်က မြို့နယ်မြေစာရင်း ဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ သင်တန်းဖွင့်ပွဲတွင် မြို့နယ် ဥက္ကဋ္ဌ ဦးမောင်မောင်က သင်တန်းဖွင့် အမှာစကားပြောကြားပြီး မြို့နယ်မြေစာရင်းဦးစီးဌာနမှူး ဦးမြင့်ထွန်းက ကမ္ဘာ့စားနပ်ရိက္ခာနှင့် စိုက်ပျိုးရေးအဖွဲ့၏ သတ်မှတ်ချက်များနှင့်အညီ လယ်ယာသန်းခေါင်စာရင်း ကောက်ယူနိုင်ရေးအတွက် သင်တန်းဖွင့်လှစ်ရခြင်းကို ရှင်းလင်းပြောကြားသည်။ **(အောက်ပုံ)**

## တက်ရောက်

ယခုဖွင့်လှစ်သည့် သင်တန်းကို ဖေဖော်ဝါရီ ၁ ရက်မှ ၁၀ ရက်အထိ ဖွင့်လှစ်လျက်ရှိရာ မြေစာရင်းဦးစီးဌာန ဝန်ထမ်းများ တက်ရောက်ကြပြီး စာရင်းကောက်ယူခြင်းလုပ်ငန်းကာလသည် ဖေဖော်ဝါရီ ၁၅ ရက်မှ မတ်လ ၃၁ ရက်အထိ ဖြစ်ကြောင်း သိရှိရသည်။

**(မြို့နယ် ပြန်/ဆက်)**

# ဖလားဝါးနယူးစ်ဂျာနယ် ထွက်ရှိ

**ရန်ကုန် ဖေဖော်ဝါရီ ၆**

ယခုအပတ်ထုတ် ဖလားဝါးနယူးစ်ဂျာနယ် အတွဲ(၇)၊ အမှတ်(၆)၌ မုတ္တမကွေ့ မြန်မာနိုင်ငံ၏ ဒုတိယမြောက် ရေတိမ်ဒေသဖြစ်လာရန်ရှိ၊ အေအာတီဆေး အခမဲ့ထောက်ပံ့မည်၊ ဒီဗွီ ဗီဇာပေါက်တယ်လို့ အကြောင်းကြားရင် သတိထား၊ ကိတ်မုန့်နှင့် ဓားလှီးမုန့် စားမယ်ဆို သတိထား၊ အထူးစီးပွားရေးဇုန်ကြောင့် ထားဝယ်ရှိ အိမ်ခြံမြေများ ၁၀ဆ ခန့်ဈေးတက်၊ မြန်မာ 4WD ကားများကို ဘင်္ဂလားဒေ့ရှ်ကဝယ်ယူမည်၊ ယခုလအတွင်း မိုးရွာဦးမည်၊ ဝန်ထမ်းအယောင်ဆောင်ကာ တယ်လီဖုန်းပါမစ်အကြောင်းပြ ငွေလိမ်လည်၊ အိမ်ခြံမြေဈေးကွက်တွင် ရင်းနှီးမြှုပ်နှံမှုပိုမိုများပြားလာ၊ MC Will အင်တာနက်လိုင်းများ သုံးရက်နှင့် အပြီးချပေးမည်၊ ကိုယ်ကျင့်တရားကောင်းခြင်း၊ သူတို့မှာ မျက်ရည်စတွေနဲ့၊ နက္ခတ်သိပ္ပံအဖွဲ့မှ အမှုဆောင်အရာရှိချုပ် ဦးဇေယျာကိုနှင့် တွေ့ဆုံခြင်း၊ အယ်ဒီတာ့ထံပေးစာ၊ ပြည်ထောင်စုနေ့ အထူးဆောင်းပါး၊ ညီညွတ်ခြင်းဟူသည်၊ ခွဲခြားနိုင်းယှဉ်စရာ၊ ပထမအကြိမ်လွှတ်တော်သုံးရပ်လုံး အစည်းအဝေးများ တစ်ပြိုင်နက်ကျင်းပခဲ့ စသည့်ဖတ်စရာ၊ မှတ်စရာ သတင်းဆောင်းပါးများ ဝေဝေဆာဆာဖြင့် ယနေ့ ထွက်ရှိလာပြီဖြစ်သည်။

## ဖြန့်ချိ

ယူရိုငွေကြေး မပြိုလဲရေးကို ကာကွယ်ပေးဖို့လိုတယ် စီးပွားရေးပညာရှင် နူရီယယ်ရူဘီနီနှင့် စပီဂျဲလ်မဂ္ဂဇင်းတို့ တွေ့ဆုံခြင်း၊ အိန္ဒိယနှင့် တရုတ်တို့က အမေရိကန်ကို အမီလိုက်လာပြီဟု သမ္မတ ဘားရက်အိုဘားမား သတိပေးပြောကြား၊ ခုနစ်နှစ်သားငယ်က ထရပ်ကားမောင်းပြိုင်ပွဲဝင်၊ အမေဇုန်မိုးသစ်တောထဲမှ ကမ္ဘာ့နောက်ဆုံးမျိုးနွယ်စု မျိုးသုဉ်းပျောက်ကွယ်မှုအရေးနှင့် ရင်ဆိုင်နေရ၊ မော်စကိုလေဆိပ် အသေခံဗုံးခွဲသူအား ဖော်ထုတ်နိုင်ပြီ၊ မနီလာမြို့တွင် ခရီးသည်တင်ဘတ်စ်ကား ဗုံးခွဲတိုက်ခိုက်ခံရ၊ အိန္ဒိယနှင့် အင်ဒိုနီးရှားတို့က ပမာဏများပြားလှသော စီးပွားရေးသဘောတူညီမှုပြု၊ အသက်ရှည်ရှည်နေလိုက ထိမ်းမြားလက်ထပ်ပါစသည့် နိုင်ငံတကာသတင်းများ၊ သတင်းဓာတ်ပုံများ၊ ကျန်းမာရေး၊ ဖျော်ဖြေရေးကဏ္ဍများ စုံလင်စွာဖြင့် e-Empire Media House မှ မြန်မာတစ်ပြည်လုံး ဖြန့်ချိလိုက်ပြီဖြစ်သည်။ **(သတင်းစဉ်)**

**ပခုက္ကူမြို့နယ် စည်ပင်သာယာရေးအဖွဲ့က ကမ္မကျေးရွာပဒုမ္မာလမ်း ကတ္တရာခင်းခြင်းလုပ်ငန်းဆောင်ရွက်နေမှုကို ဇန်နဝါရီ ၁၈ရက်က အမှုဆောင်အရာရှိ ဦးစိုးသန်းနှင့်အင်ဂျင်နီယာမှူးဦးဇော်မျိုးထွေးတို့ကွင်းဆင်းစစ်ဆေးရာ အငယ်တန်းအင်ဂျင်နီယာ-၂ ဒေါ်သန်းသန်းစိုး ရှင်းလင်းတင်ပြစဉ်။**

(ဝ၇ဝ)

# လယ်ယာသန်းခေါင်စာရင်း ကောက်ယူခြင်း အလုပ်ရုံဆွေးနွေး

**လှည်းကူး ဖေဖော်ဝါရီ ၆**

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ကြေးတိုင်နှင့်မြေစာရင်းဦးစီးဌာန၏ ၂၀၁၀ခုနှစ် မြန်မာနိုင်ငံ လယ်ယာသန်းခေါင်စာရင်း ကောက်ယူခြင်းလုပ်ငန်းစီမံကိန်း နောက်ဆက်တွဲ စာရင်းကောက်ယူခြင်း လုပ်ငန်းဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲ ဖွင့်ပွဲကို ဖေဖော်ဝါရီ ၁ ရက် နံနက် ၉ နာရီက လှည်းကူးမြို့နယ် ကြေးတိုင်နှင့် မြေစာရင်းဦးစီးဌာနခန်းမ၌ ကျင်းပရာ ရန်ကုန်တိုင်းဒေသကြီး မြေစာရင်းဦးစီးဌာနမှူး ဦးကျင်ထွန်းက အမှာစကား ပြောကြားသည်။

အဆိုပါ အလုပ်ရုံဆွေးနွေးပွဲကို ဖေဖော်ဝါရီ ၁ ရက်မှ ၇ ရက်အထိ ကျင်းပခဲ့ပြီး အလုပ်ရုံဆွေးနွေးပွဲတွင် ၂၀၁၁ ခုနှစ် မြန်မာနိုင်ငံ လယ်ယာသန်းခေါင်စာရင်း ကောက်ယူခြင်း လုပ်ငန်းစီမံကိန်း၏ နောက်ဆက်တွဲ စာရင်းကောက်ယူခြင်းလုပ်ငန်းဆိုင်ရာ မေးခွန်းလွှာများ၊ ထိန်းချုပ်ပုံစံများနှင့် ပတ်သက်၍ ဆွေးနွေးပို့ချခဲ့ကြောင်း သိရှိရသည်။

**(မြို့နယ် ပြန်/ဆက်)**

# အထူးလှိုက်လှဲစွာဝမ်းမြောက်ဂုဏ်ယူခြင်း

[illegible] ဒေါက်တာသန်းထွန်း ဥပဒေအသင်း(ရန်ကုန်)(နာသလ)၊(တံဆိပ်ရှေ့နေ)

B.A.,H.G.P.,R.L.,D.I.L (Credit), D.M.A.,(YIE), D.B.A(U.S.A), Ph.D (Law)(U.S.A)

ဒါရိုက်တာအဖွဲ့ဝင် (မြန်မာစက်မှုလက်မှုဖွံ့ဖြိုးရေးအသင်း၊ ရန်ကုန်)အား နိုင်ငံတော်အေးချမ်းသာယာရေး နှင့်ဖွံ့ဖြိုးရေးကောင်စီ အမိန့်ကြော်ငြာစာအမှတ်(၁/၂၀၁၁)ဖြင့် "[illegible]" ဟု (၄-၁-၂၀၁၁)ရက်တွင် [illegible]

ဦးခင်နိုင် (Director) + ဒေါ်ခင်မာအေး LL.B., D.B.L., D.M.L., D.I.L., MA(Business Law)(Managing Director)

နေကာနန်းတော်၊ ပါဝါနန်းတော်၊ နာရီနန်းတော်

အမှတ်(၄၁၆/၄၂၄) သိမ်ဖြူလမ်း၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့။



# လက်ထပ်မင်္ဂလာကျေးဇူးတင်လွှာ

ရန်ကုန်မြို့၊ ကျောက်တံတားမြို့နယ်၊ ဗိုလ်အောင်ကျော်လမ်းနေ
ဒေါက်တာနေဝင်းနိုင်(Chairman,KBGM Co., Ltd.)-ဒေါ်သန်းသန်းနွယ်
တို့၏သားငယ်

**မောင်သူနိုင်**

**Post Graduate Dip in Business Management(Wigan College, UK)**
**Executive Dip in Applied Management (Wigan College, UK)**
**Director, Liberton Int'l Pte Ltd.(Singapore)**

နှင့်

ရန်ကုန်မြို့၊ ပြည်လမ်း၊ ၆ မိုင်ခွဲနေ (ဒေါက်တာစိုင်းကျော်လင်း)-ဒေါ်သန္တာဝင်းတို့၏သမီး
ဗိုလ်မှူးကြီးခင်မောင်စိုး(ငြိမ်း)MD-MEC-ဒေါ်ချိုချိုဝင်းတို့၏တူမ

**နန်းနုနုလင်း**

**B.A(English)**
**B.Med. Tech (Physiotherapy)**
**HE Dip in Health & Social Care(Wigan College, UK)**

တို့၏ ၄-၂-၂၀၁၁ ရက်(သောကြာနေ့)တွင် ရန်ကုန်မြို့ Chatrium Hotel၌ ကျင်းပပြီးစီးခဲ့သော မင်္ဂလာမော်ကွန်းတင်လက်မှတ်ရေးထိုးပွဲတွင် မင်္ဂလာမော်ကွန်းတင်လက်မှတ် ရေးထိုးပေးကြပါသော ဦးသန်းအောင် (ညွှန်ကြားရေးမှူး၊ ရှေ့နေချုပ်ရုံး)နှင့် ဇနီး ဒေါ်စိန်မမတို့အားလည်းကောင်း၊ ၆-၂-၂၀၁၁ရက် (တနင်္ဂနွေနေ့)တွင် Chatrium Hotel (Grand Ballroom) ၌ ကျင်းပပြီးစီးသော မင်္ဂလာညည့်ခံပွဲတွင် မင်္ဂလာအောင်စံပယ်ပန်းကုံး ချီးမြှင့်ပေးပါသော ဗိုလ်မှူးကြီးမြင့်အောင်(ငြိမ်း) ဒုတိယမန်နေဂျင်းဒါရိုက်တာ (ပြည်ထောင်စုမြန်မာနိုင်ငံ စီးပွားရေးဦးပိုင်လီမိတက်) နှင့် ဇနီး ဒေါ်နုနုရီတို့အားလည်းကောင်း၊ မင်္ဂလာအောင်လက်ထပ်လက်စွပ် ချီးမြှင့်ဆင်မြန်းပေးပါသော ဗိုလ်မှူးကြီးခင်မောင်စိုး(ငြိမ်း) ဦးဆောင်ညွှန်ကြားရေးမှူး (မြန်မာစီးပွားရေးကော်ပိုရေးရှင်း)နှင့် ဇနီး ဒေါ်ချိုချိုဝင်းတို့အားလည်းကောင်း၊ ကြွရောက်ချီးမြှင့်ပေးကြသော ဂုဏ်သရေရှိလူကြီးမင်းများ၊ လူကိုယ်တိုင်ကြွရောက်ချီးမြှင့်မပေးနိုင်သော်လည်း လက်ဆောင်ပစ္စည်းများ ပေးပို့ချီးမြှင့်ပေးကြသော ဆွေမျိုးမိတ်သင်္ဂဟများ၊ မင်္ဂလာအခမ်းအနားမှူးအဖြစ်ဆောင်ရွက်ပေးပါသော မယဉ်မျိုးအေး၊ မင်္ဂလာတေးသံသာများဖြင့် သီဆိုဖျော်ဖြေပေးပါသော ဂီတမှူး ကိုမြတ်မင်းနှင့်အဖွဲ့အားလည်းကောင်း၊ မင်္ဂလာပန်းကြဲပေးပါသော မရွှေမဝစိုး၊ မင်္ဂလာအောင်စံပယ်ပန်းကုံးကိုင်ဆောင်ပေးပါသော မသုဝတီအောင်၊ မင်္ဂလာလက်စွပ်ဗန်းကိုင်ဆောင်ပေးပါသော မရွှန်းလဲ့လဲ့ဝေ၊ မင်္ဂလာသတို့သားအရံ မောင်ရန်နိုင်ထွန်းနှင့် မင်္ဂလာသတို့သမီးအရံ မချိုလဲ့ရည်မောင်၊ မိတ်ကပ်နှင့်ဆံပင်အလှဆင်ပေးပါသော အမြင့်၊ မင်္ဂလာဝတ်စုံဆင်မြန်းပေးပါသော Memory၊ လက်ဝတ်ရတနာဆင်မြန်းပေးပါသော Diamond Star၊ ဓာတ်ပုံနှင့်ဗီဒီယိုမှတ်တမ်းတင်ပေးသော Channel၊ မင်္ဂလာဖိတ်စာရိုက်နှိပ်ပေးပါသော Love အားလည်းကောင်း၊ Chatrium Hotel မှ ကိုအောင်ခိုင်လင်းနှင့် ဝန်ထမ်းများ၊ ကြွရောက်ချီးမြှင့်ပေးကြပါသော မိဘဆွေမျိုးများ၊ လုပ်ဖော်ကိုင်ဖက်များနှင့် သူငယ်ချင်းများအားလည်းကောင်း၊ မင်္ဂလာအခမ်းအနား အောင်မြင်စွာကျင်းပနိုင်ရေးအတွက် အဘက်ဘက်မှ ဝိုင်းဝန်းကူညီဆောင်ရွက်ပေးပါသော ကျေးဇူးတင်ထိုက်သူများအားလုံးတို့အား အထူးလှိုက်လှဲစွာ ကျေးဇူးတင်ရှိပါကြောင်း။

**နှစ်ဖက်သောမိဘများနှင့်**
**မောင်သူနိုင်-နန်းနုနုလင်း။**




## ပူဇော်ကန်တော့ပွဲ

ဖေဖော်ဝါရီ ၆ ရက်က နေပြည်တော် ပျဉ်းမနား အထက (၂) ကျောင်းသား ကျောင်းသူ ဟောင်းများ၏ နဝမအကြိမ်မြောက် မြတ်ဆရာ ပူဇော်ကန်တော့ပွဲ ကျင်းပစဉ်။ (သတင်းစဉ်)

## ပညာမြင့်မှ လူမျိုးတင့်မည်

(၆၄)နှစ်မြောက် ပြည်ထောင်စုနေ့ကို ကြိုဆိုသောအားဖြင့် ဖေဖော်ဝါရီ ၁ ရက်က အထက(၁) ကြည့်မြင်တိုင် မြဝတ်ရည်ခန်းမတွင် ကျောင်းအုပ်ဆရာမကြီး ဒေါ်ခင်ခင်ဆင့်၏ ဦးဆောင်မှုဖြင့် ကျောင်းတွင်း စကားစွမ်းရည်ပြိုင်ပွဲ ကျင်းပရာ ကျောင်းသား ကျောင်းသူလေးများ ပါဝင်ယှဉ်ပြိုင်ကြစဉ်။

(ပညာရေး)

## မြန်မာ့အလင်း အားကစားဖောင်ပိတ်သတင်း

# ချယ်လ်ဆီးတို့အိမ်ကွင်း၌ လီဗာပူးကို ရှုံးပွဲကြုံ

မြင့်မောင်စိုး-ရေးသားသည်

**လန်ဒန် ဖေဖော်ဝါရီ ၆**

အင်္ဂလိပ်ပရီမီယာလိဂ်ပွဲစဉ်(၂၆) ဘောလုံးပြိုင်ပွဲများကို ဖေဖော်ဝါရီ ၆ ရက် ညပိုင်းက ယှဉ်ပြိုင်ကစားခဲ့ရာ လီဗာပူးအသင်းက ချယ်လ်ဆီးအိမ်ကွင်းတွင် မီယာလက်စ်၏ တစ်လုံးတည်းသောဂိုးဖြင့် အနိုင်ရရှိပြီး အမှတ်ပေးဇယား အဆင့်၆ နေရာသို့ တက်လာသည်။

အဆိုပါ ပြိုင်ပွဲသည် ဘောလုံးပရိသတ်များ အထူးစိတ်ဝင်တစားစောင့်ကြည့်ခဲ့သည့် ပြိုင်ပွဲတစ်ပွဲဖြစ်ခဲ့သည်။ အကြောင်းမှာ မကြာမီက လီဗာပူးမှ ချယ်လ်ဆီးသို့ ပေါင်သန်း ၅၀ဖြင့် ပြောင်းရွှေ့သွားသော တိုက်စစ်မှူး တောရက်စ် ချယ်လ်ဆီးအသင်းတွင် ပါဝင်ကစားခဲ့ခြင်းကြောင့်ဖြစ်သည်။

တစ်ဖက်နှင့်တစ်ဖက် အကြိတ်အနယ်ကစားခဲ့သော်လည်း ပထမပိုင်းပြီးသည်အထိ ဂိုးမသွင်းနိုင်ခဲ့ပေ။ တိုက်စစ်မှူး တောရက်စ်သည် ပထမပိုင်းတွင် ဂိုးသွင်းခွင့်ရခဲ့သော်လည်း ဂိုးအဖြစ် မပြောင်းလဲနိုင်ခဲ့ပေ။ ဒုတိယပိုင်း ပွဲချိန် ၆၅မိနစ်တွင် တောရက်စ်အစား ကာလူးဝင်ကစားခဲ့သည်။ ပွဲချိန် ၆၆မိနစ်တွင် အက်ဆီယံ ကွင်းလယ်မှ ကန်တင်လိုက်သော ဘောလုံး လီဗာပူး ဂိုးဘားတန်းကျော်တက်သွား၍ ချယ်လ်ဆီးတို့ ဂိုးမရခဲ့ပေ။ သို့သော် ပွဲချိန် ၆၈ မိနစ်တွင် စတီဗင်ဂျရတ် ညာတောင်ပံမှထိုးဖောက်လာပြီး ချယ်လ်ဆီးဂိုးရှေ့သို့ အမြောက်ကန်တင်ပေးလိုက်ရာ မီယာလက်စ်ပြေးဝင်၍ ဘယ်ခြေနှင့်ကန်သွင်းလိုက်သဖြင့် လီဗာပူးတို့ အဖွင့်ဂိုးရရှိသွားသည်။ ပွဲချိန် မိနစ် ၇၀တွင် ချယ်လ်ဆီးအသင်းမှ မကြာမီက ခေါ်ယူခဲ့သော နောက်တန်းကစားသမား ဒေးဗစ်လူးဝစ် ဝင်ကစားခဲ့သည်။ ချယ်လ်ဆီးတို့ ချေပဂိုးသွင်းရန် အကြိတ်အနယ် ကြိုးစားခဲ့သော်လည်း လီဗာပူး နောက်တန်းခံစစ်ကို မကျော်နိုင်၍ ချေပဂိုးနှင့် လွဲချော်ခဲ့ကာ အရှုံးနှင့် ပွဲသိမ်းခဲ့ရသည်။

တိုက်စစ်မှူးတောရက်စ် လီဗာပူးနောက်တန်းကို ထိုးဖောက်ကစားစဉ်။

**ပရီမီယာလိဂ်ပွဲစဉ် (၂၆)အပြီး အသင်းများရပ်တည်မှု**

| အသင်း | ပွဲစဉ် | ရမှတ် |
|---|---|---|
| မန်ယူ | ၂၅ | ၅၄ |
| အာဆင်နယ် | ၂၅ | ၅၀ |
| မန်စီးတီး | ၂၆ | ၄၉ |
| ချယ်လ်ဆီး | ၂၅ | ၄၄ |
| စပါး | ၂၅ | ၄၄ |
| လီဗာပူး | ၂၆ | ၃၈ |
| ဆန်းဒါးလန်း | ၂၆ | ၃၇ |
| ဘော်လ်တန် | ၂၆ | ၃၃ |
| စတုတ် | ၂၅ | ၃၃ |
| နယူးကာဆယ် | ၂၅ | ၃၃ |

(အင်တာနက်)

★ တည်ငြိမ်အေးချမ်းမှ တိုင်းပြည်ဖွံ့ဖြိုးတိုးတက်မည်။

★ တည်ငြိမ်အေးချမ်းမှ ဒီမိုကရေစီ ဖော်ဆောင်အောင်မြင်နိုင်မည်။

★ မင်းမဲ့စရိုက်ဖြင့် ဒီမိုကရေစီမရနိုင်။

★ ဆူပူမှုဖြင့် ဒီမိုကရေစီမရနိုင်။

★ အခြေခံဥပဒေဖြင့်သာ ဒီမိုကရေစီ ရနိုင်သည်။

## ပြည်သူ့ဆန္ဒ သဘောထား

- တည်ငြိမ်အေးချမ်းမှုကို လိုလားသည်။
- ဖွံ့ဖြိုးတိုးတက်မှုကို လိုလားသည်။
- ဆူပူအကြမ်းဖက်မှုကို မလိုလား။
- ဆူပူအကြမ်းဖက်မှု ဖန်တီးသူများ- ဝိုင်းဝန်းဖယ်ရှား။

☆ VOA, BBC - ရန်တိုက်ပေးနေသည်။

☆ RFA, DVB - သွေးထိုးနေသည်။

☆ ခလောက်ဆန် အကောက်ကြံ
လေလှိုင်းသံ လူသတ်သမား-
နားမယောင်လေနဲ့ သတိထား။

# နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီလက်ထက် ဖွံ့ဖြိုးတိုးတက်လာသော ကယားပြည်နယ်

## ခေတ်မီဖွံ့ဖြိုးတိုးတက်စည်ပင် ကယားပြည်နယ်တစ်ခွင်

ကယားပြည်နယ်သည် ပြည်ထောင်စုမြန်မာနိုင်ငံတော်၏ အရှေ့ပိုင်းတွင် တည်ရှိပြီး စတုရန်းမိုင်ပေါင်း ၄၅၂၉ ဒသမ ၅၆ မိုင်ကျယ်ဝန်းသည်။ ကယား၊ ကယန်း၊ မိုနို၊ ကယော၊ ယင်းတလဲ၊ ဂေခို၊ ဂေဘား စသည့် တိုင်းရင်းသားမျိုးနွယ်များနှင့် ကချင်၊ ကရင်၊ ချင်း၊ ပအိုဝ်း၊ ဗမာ၊ မွန်၊ ရခိုင်၊ ရှမ်း၊ အင်းသား စသည့် တိုင်းရင်းသားပြည်သူများ အေးအတူပူအမျှ အတူတကွ စုပေါင်းနေထိုင်ကြသည်။

*စာမျက်နှာ ၆ ကော်လံ ၁* ❖



ကယားပြည်နယ်ရှိ ဘီလူးချောင်း အမှတ်(၃) ရေအားလျှပ်စစ်စီမံကိန်းမှ ချဉ်းကပ်ရေသွယ်ဥမင်လိုဏ် တည်ဆောက်မှုမြင်ကွင်း....။

## (၆၄)နှစ်မြောက် ပြည်ထောင်စုနေ့ကို ဂုဏ်ပြုကြိုဆို


မောင်ဒဲ့ဒိုး၏
" မရှိတာထက် မသိတာခက် "
ဆောင်းပါး စာ- ၈၊ ၉

ဖိုးရန်နိုင်(ကျောက်ကြီး)၏
" ပြည်ထောင်စုအလှ မြစ်မလေးဖြာ "
ကဗျာ စာ- ၉

ခိုင်ဆု၏
" မျိုးချစ်စိတ်ဓာတ် "
ကာတွန်း စာ- ၉


## လေဖိအားနည်းရပ်ဝန်း အားပျော့ပျက်ပြယ်

နေပြည်တော် ဖေဖော်ဝါရီ ၆

ယနေ့ညနေ ၅ နာရီခွဲ တိုင်းထွာချက်များအရ ဘင်္ဂလားပင်လယ်အော် အနောက်တောင်ပိုင်းနှင့် ယင်းနှင့်ဆက်စပ်လျက်ရှိသော သီရိလင်္ကာနိုင်ငံ ကမ်းခြေအနီး၌ ဖြစ်ပေါ်နေခဲ့သည့် လေဖိအားနည်းရပ်ဝန်းသည် အားပျော့ပျက်ပြယ်သွားပြီဖြစ်ကြောင်း မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနက သတင်းထုတ်ပြန်ထားသည်။ (သတင်းစဉ်)